The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0054
၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်

# လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ အတွေ့အကြုံများကို တောင်သူများ နီးနှောဖလှယ်နိုင်ရေး ရည်ရွယ်ဆောင်ရွက်သည့် တောင်သူနည်းပညာဆွေးနွေးပွဲ (၁၀၈) ကြိမ်မြောက် အောင်မြင်စွာကျင်းပ



နေပြည်တော်၊ မတ် ၂၈

တောင်သူများကြုံတွေ့နေကြရသော လယ်ယာကုန်ထုတ်လုပ်မှု ဆိုင်ရာအတွေ့ အကြုံများကိုနီးနှောဖလှယ်နိုင်ရေး နှင့် ညှိနှိုင်းအဖြေရှာနိုင်စေရန် ရည်ရွယ် ကျင်းပ သည့် တောင်သူနည်းပညာ ဆွေးနွေးပွဲများကို ၂၀၂၃ ခုနှစ် ၊ ဩဂုတ် ၅ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း ကျင်းပခဲ့ရာ ၂၀၂၆ ခုနှစ် မတ် ၂၈ ရက်နေ့တွင် (၁၀၈)ကြိမ်မြောက် အဖြစ် အောင်မြင်စွာ ကျင်းပခဲ့ကြောင်း ၊ ဆွေးနွေးပွဲများ၌ တောင်သူများကြုံတွေ့ရသော စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အခက်အခဲပြဿနာများ အား ထိရောက်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ ဗဟုသုတများကို ကဏ္ဍအလိုက် ခေါင်းစဉ်များခွဲ၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က ဦးဆောင်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်များ ၊ သုတေသီများ က ဟောပြောဆွေးနွေးခြင်း၊ တောင်သူများ၏ မေးမြန်းချက်များကို အသေးစိတ် ရှင်းလင်းဖြေကြားပေးခြင်း၊ ကူညီဆောင်ရွက်ပေးရန်လိုအပ်ချက်များအား သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်ညှိနှိုင်းပေးခြင်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လယ်ယာကဏ္ဍအတွက် အကျိုးရှိသော အထောက်အပံ့ကောင်း ဆောင်ရွက်မှု အဖြစ် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရသည်။

Onlineစနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၁၀၈)ကြိမ်မြောက် ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က အမှာစကား ပြောကြားရာ၌ တောင်သူကြီးများ အနေဖြင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို လုံလောက်စွာသုံးစွဲနိုင်ကြစေရန် မိမိတို့ ကိုယ်တိုင် မျိုးစေ့ထုတ် သည့်ကဏ္ဍတွင် ပါဝင်ကြရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ရရှိစေရန် လောင်စာဆီ အသုံးပြုရသည့်စက်အင်အားကို ထိရောက်အောင်သုံးစွဲပြီး စက်ဖြင့်ဆောင်ရွက်၍မရနိုင်သော အနုစိတ်လုပ်ငန်းများကို တိရစ္ဆာန်အင်အားဖြင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မြေကြီးတွင် မျှတသည့် ရေနှင့်လေရှိရန် လိုအပ်ကြောင်း၊ ရေကိုလှောင်၍ ရေဝပ်အောင်ထားပြီး မြေပြင်သည့်နည်းသည် မီသိန်းဓာတ်များထွက်ရှိနိုင်သည့်အတွက် ထွန်ရေးညက်မှ ရေသွင်း၍ လယ်လူးခြင်း ပြုလုပ်ရန်၊ တောင်ယာများ မီးမရှို့ကြရန်၊ သဘာဝ ပျားများ မဖွတ်ကြရန်၊ လူစာ၊ တိရိစ္ဆာန်စာ၊ မြေစာ၊ ပျားစာပင်များနှင့် အရင်းကျေ သီးနှံများ ဖြစ်သော ဟင်းသီး ဟင်းရွက်ကို

စာ-၂ သို့

ငါးဖယ်ငါး၏ သဘာဝနှင့်အသုံးဝင်ပုံ....
စာ – ၈

ဆည်မြောင်းရေ သွင်သွင်စီးပါလို့..
စာ – ၁၆

မျက်နှာဖုံးမှ-

ကွက်လပ်မကျန် ကန်သင်းရိုးတွင် စိုက်ပျိုးကြရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း တောင်သူကြီးများ၏ လိုအပ်ချက်ကို အခြေခံသည့် တီထွင်ဆန်းသစ်မှုဆောင်ရွက်ရန်နှင့် ပန်းတိုင်အထွက် နှုန်းရရှိရန် မရိတ်သိမ်းခင် အပင်ဦးရေပြည့် မပြည့်ပြန်လည် စစ်ဆေးခြင်း၊ အသုံးချသုတေသနကို ပြန်လည်ဖွံ့ စည်းဆောင်ရွက်ခြင်း နှင့် ၂၀၂၆-၂၀၂၇ တွင် "မြေဆီသြဇာရှင်သန်ထက်မြက်ရေးစီမံကိန်း" တို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် စိုက်ပျိုးပညာပေးရေးနှင့် နည်းပညာ ပြန့်ပွားရေး ဘာသာရပ် ကို သေချာစွာသင်ကြားပေးရမည် ဖြစ်ကြောင်း၊ ပညာရှင်များ အနေဖြင့် မိမိတို့သိထား တတ်ထားသည်များကို တောင်သူများ နားလည်အောင် ပြောရန်မှာ များစွာ အရေးကြီးကြောင်း၊ စိုက်ပျိုးပညာပေးအနေဖြင့် တောင်သူလယ်သမား လက်စွဲစာစဉ်များ၊ သက်ကြီးဖတ်စာများနှင့် လက်ကမ်းစာစောင်များ ရေးသားထုတ်ဝေရန်လိုအပ်ကြောင်း၊ AI နှင့် မိုဘိုင်းနည်းပညာကို ထိရောက်စွာ သုံးစွဲခြင်းနှင့် တောင်သူလယ်သမားများ ပါဝင်သော သုတေသနများပြုလုပ်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်နယ်များမှ Onlineဖြင့် တက်ရောက်နေသော ပညာရှင်များက ရေသွင်း၊ ရေခမ်းစနစ်၊ သီးနှံကာကွယ်ရေး၊ အိမ်ခြံဝန်းဥယျာဉ်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အဝါရောင်မှိုစိမ့်ရောဂါ ပူးပေါင်းပါဝင်သော စပါးမျိုးစေ့ထုတ်လုပ်ငန်းများ၊ မျိုးရွေးချယ်ခြင်းလုပ်ငန်းများ၊ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အထွက်ကောင်းဗီဇများ ထည့်သွင်းထားသော ရေဆင်းပေါ်ဆန်း (၁) ၊ ပေါ်ဆန်း(၂)၊ တောင်သူများအား လူထုဆက်သွယ်ရေး မီဒီယာကိုအသုံးပြု၍ နည်းပညာဖြန့်ဝေ




ဒဏ်ခံနိုင်သော မျိုးများရွေးချယ်စိုက်ပျိုးရန်၊ နေကြာသီးနှံ၊ စပ်မျိုးပြောင်းသုတေသန၊ စပါးသီးနှံနှင့်ပတ်သက်၍ စပါးမျိုးကောင်း မျိုးသန့်စိုက်ပျိုးခြင်းနှင့် တောင်သူရေး၊ တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ်၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး စသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ တာဝန်ရှိသူများနှင့် သုတေသီပညာရှင်များ၊ စိုက်ပျိုးရေး တက္ကသိုလ်မှ ပါမောက္ခများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ပြည်နယ် အသီးသီးမှ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများ ၂၄၈ ဦးတို့က zoom point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြန်မာ့ရော်ဘာတင်ပို့မှု အမေရိကန်ဒေါ်လာသန်း ၄၀၀ ဝန်းကျင်ရှိလာ



**မြန်**မာနိုင်ငံသည် လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရော်ဘာတင်ပို့မှုတန်ချိန် ၂၈၀,၀၀၀ ရှိပြီး အမေရိကန်ဒေါ်လာသန်း ၄၀၀ ဝန်းကျင်ရှိကြောင်းသိရပါသည်။ ယခု ဘဏ္ဍာနှစ်တွင် တန်ချိန် ပေါင်း ၃၀၀,၀၀၀ အထိ တင်ပို့ရန်မျှော်မှန်းထားကြောင်း မြန်မာ့ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

မြန်မာနိုင်ငံသည် ရော်ဘာတင်ပို့မှု တန်ချိန် ၂၈၀,၀၀၀ မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ဝန်းကျင်ရရှိခဲ့ကြောင်း၊ ရော်ဘာရိတ်သိမ်းရာသီသည် အောက်တိုဘာမှ ဇန်နဝါရီအထိ ဖြစ်ကြောင်း၊ ရော်ဘာထွက်ရှိမှုကို ရာသီဥတုအခြေအနေက လွှမ်းမိုးထားကြောင်း၊ ယခင်နှစ် အောက်တိုဘာမှ နိုဝင်ဘာအတွင်း မိုးဆက်တိုက်ရွာသွန်းမှုသည် ရော်ဘာထုတ်လုပ်မှု အပေါ် သက်ရောက်မှုရှိခဲ့ပြီး အစေးခြစ်ရာသီနောက်ကျခဲ့ကြောင်း MRPPA မှ သိရပါသည်။

နိုင်ငံတကာဈေးကွက်တွင် ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂,၁၅၀ ရှိပြီး မြန်မာ့ရော်ဘာသည် အရည်အသွေးနိမ့်သောကြောင့် အမေရိကန်ဒေါ်လာ ၁,၇၀၀ - ၁,၉၀၀ ကြားရှိကြောင်း သိရသည်။ ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြပြီး အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးကြကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာ့ရော်ဘာကို အဓိကဝယ်ယူသူဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှလည်း ဝယ်ယူကြောင်းသိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.gnlm.com.mm/myanmar-rubber-exports-near-us400m-in-2025-26-fy/

Agribiz News www.agribiznews.com.mm
agribiznews.com.mm

| | | |
|---|---|---|
| တာဝန်ခံအယ်ဒီတာ | - | ထွန်းသက်ပိုင် |
| အယ်ဒီတာအဖွဲ့ဝင်များ | - | ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း) |
| ထုတ်ဝေသူ | - | ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀) |
| လိပ်စာ | - | ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် |
| ဖုန်း | - | ၀၆၇ ၃၄၁၀၁၄၂ |

# ၂၀၂၆ ခုနှစ် ဧပြီ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး(အောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉ ရက်မှ ၁၂ ရက်ခန့်၊ နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ငါးရက်မှ ရှစ်ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့ နှင့် မုံရွာမြို့တို့တွင်သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်သည်။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင်သုံးပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့်မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင်ပေဝက်ခန့်၊ ပဲခူးမြစ်ရေ သည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှတစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည်ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည်ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## အရည်အသွေးမြင့် ဝါမျိုးစေ့တင်သွင်းရန် Myanmar Cotton Body မှ IFBIC နှင့် ညှိနှိုင်း

**မတ်** ၁၂ ရက်နေ့က မြန်မာနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် online + Inperson ပေါင်းစပ်အစည်းအဝေးတွင် မြန်မာနိုင်ငံငံဝါနှင့် ဝါထွက်ပစ္စည်းရောင်းဝယ်ရေးအသင်းသည် အိန္ဒိယနိုင်ငံမှ အရည်အသွေးမြင့် ဝါမျိုးစေ့နှင့် ချည်မျှင်ရှည်ဝါ (စပ်မျိုးမဟုတ်) ဝါမျိုးတင်သွင်းခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို အိန္ဒိယနိုင်ငံ International Federation of Business Intellectuals and Changemakers (IFBIC) နှင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၎င်းတို့သည် မြန်မာနိုင်ငံ၏ ၂/၄၀ နှင့် ၂/၈၀ ချည်ထုတ်လုပ်နိုင်သောဝါမျိုးကွဲများ၏ စံနှုန်းနှင့် ဝိသေသလက္ခဏာများကို လည်း ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်ရှိမြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အရာရှိများနှင့် ကာလကတ္တားမြို့ရှိ မြန်မာစီးပွားရေးအကြံပေးပုဂ္ဂိုလ်များလည်း အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအသင်းသည် မြန်မာနိုင်ငံ၏ ရာသီဥတု၊ မြေအမျိုးအစားနှင့် ကိုက်ညီသော အရည်အသွေးမြင့် ဝါမျိုးစေ့များ ရရှိရန်အတွက် အိန္ဒိယနှင့် ဥဇဘက်ကစ္စတန် နိုင်ငံတို့နှင့်လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

ဩဂုတ် ၇ ရက်နေ့ ရက်စွဲပါ MyanTrade ၏ သတင်းများအရ ဥဇဘက်ကစ္စတန်နိုင်ငံ၏ စိုက်ပျိုးရေးဌာနသည် ပိုးမွှားကင်းစင်သော အထွက်နှုန်းမြင့် ဝါဂွမ်း မျိုးကွဲများကို မြန်မာနိုင်ငံသို့ ပေးပို့လိုကြောင်း အသိပေးအကြောင်း ကြားခဲ့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဝါနှင့် ဝါထွက်ပစ္စည်းရောင်းဝယ်ရေးအသင်း တို့သည် ပထမ တန်းစား အဆင့် ဝါမျိုးကွဲများစာရင်းကို သက်ဆိုင်ရာဌာနသို့ နောက်ထပ် အစီအမံများ ဆောင်ရွက်ရန်အတွက် ပေးပို့ထားပြီး ဖြစ်သည်။

ပထမတန်းစား အဆင့်မီဝါမျိုးနှင့် အဆင့်မမီသော ဝါမျိုးကြားတွင် ဈေးနှုန်း ကွာဟချက် ကြီးမားပါသည်။ ထို့ကြောင့် ဝါစိုက်ပျိုးသူများသည် စီးပွားရေး အကျိုးအမြတ်အတွက် ပထမတန်းစားအဆင့်မီဝါမျိုးကို စိုက်ပျိုးရန် လို အပ်ပါသည်။ ဝါစိုက်ပျိုးသူများသည် မျိုးမရွေးချယ်ပဲ စိုက်ပျိုးပါက အထွက်နှုန်းနည်းပါးခြင်းနှင့် အခြား သော အခက်အခဲတို့ကို ကြုံတွေ့ရနိုင်ပါသည်။

ဝါကြိတ်သူများသည် အရည်အသွေးထိန်းသိမ်းမှုကိုလည်း ဆောင်ရွက်ရန် လိုအပ်သောကြောင့် ဝါကြိတ်သူများအနေဖြင့် ထုတ်ကုန်အရည်အသွေးကို သေချာစေရန်၊ အလေအလွင့် ဖြစ်မှုကို လျှော့ချရန်နှင့် ဘေးကင်းသော အလုပ်ခွင်ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် သန့်ရှင်းမှုနှင့် စနစ်တကျလည်ပတ်မှုကို ဦးစားပေးရမည်ဟု မြန်မာနိုင်ငံဝါနှင့် ဝါထွက်ပစ္စည်းများထုတ်လုပ်ရောင်းချသူများ အသင်းက ပြောကြားပါသည်။

မြန်မာနိုင်ငံဝါနှင့် ဝါထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချသူများ အသင်းက အရည် အသွေးမြင့် ဝါထုတ်လုပ်မှု မြှင့်တင်ရန်နှင့် ဈေးနှုန်းကောင်းများရရှိရန် ကိစ္စရပ်များကို ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **လင်းလဲ့ရည်အောင်**

https://www.gnlm.com.mm/myanmar-cotton-body-negotiates-with-ifbic-to-import-quality-cotton-seed/

# ရိုဘတ်စတာကော်ဖီ ဧက ၂၀,၀၀၀ ကျော် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမည်

**ရန်**ကုန်တိုင်းဒေသကြီး၊ မြို့နယ် ၆ မြို့နယ်တွင် ဈေးကွက် အခိုင်အမာ ရရှိထားပြီး ဖြစ်သော ရိုဘတ်စတာ ကော်ဖီမျိုးများကို နှစ်စဉ်သတ်မှတ်ချက်များနှင့်အညီ ဧကပေါင်း ၂၀,၃၉၀ တွင် မိုးရာသီမှစတင်၍ အပင်ဦးရေ ၂၀,၀၀၀ ကျော်ဖြင့် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၏ အဆိုအရ သိရှိရသည်။

ရိုဘတ်စတာကော်ဖီပျိုးပင်များကို မိုးရာသီအတွင်း စိုက်ပျိုးနိုင်ရန် အတွက် ကြိုတင် ပြင်ဆင်ပြီးဖြစ်သည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုက်ကြီးမြို့နယ်တွင် ဧက ၂၈၀၊ လှည်းကူးမြို့နယ်တွင် ဧက ၅၀၀၊ မှော်ဘီမြို့နယ်တွင် ဧက ၁၀၀၊ တွံတေးမြို့နယ် တွင် ဧက ၄၀၊ ကော့မှူးမြို့နယ်တွင် ဧက ၆၀ နှင့် ကွမ်းခြံကုန်းမြို့နယ်တွင် ဧက ၂၀ ဖြင့် စုစုပေါင်း ဧက ၁၀၀၀ ခန့် ကနဦး စိုက်ပျိုးသွားမည်ဖြစ်သည်။

ကော်ဖီစိုက်ပျိုးရန် သင့်တော်သော ရာသီဥတုမရှိပါက ကော်ဖီပင်များ စိုက်ပျိုး၍ မရနိုင်ပါ။ မြေနိမ့်ကော်ဖီမျိုးဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၆ မြို့နယ် တွင် လာ မ ည့် မု တ် သုံ ရာ သီ အ တွ င်း ရော်ဘာ၊ သီဟိုဠ်နှင့် Acacia မန်ဂျန်ရှားစိုက်ခင်း ဧက ၄၈,၇၀၇ ကျော်တွင် နှစ်ရှည်ကြားသီးနှံပင်များအဖြစ် ကော်ဖီပင် ၂၀,၀၀၀ ကျော်အား စိုက်ပျိုး သွားမည်ဖြစ်ပါသည်။ ၅ နှစ်စီမံကိန်းရှိသည့်အတွက် တောင်သူများအတွက် ဝင်ငွေ ပိုမို ရရှိစေမည့် သီးနှံတစ်ခုဖြစ်ပြီး စိုက်ခင်းတိုးချဲ့လိုသော တောင်သူများအတွက် နှစ်ရှည်သီးနှံပင် တစ်မျိုးလည်းဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောကြားသည်။

တိုက်ကြီး၊ လှည်းကူး၊ မှော်ဘီ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်း မြို့နယ်များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရိုဘတ်စတာကော်ဖီ



များကို ဧက ၁၀၀၀ ဖြင့် မိုးရာသီမှစ၍ စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ဧက ၂,၅၀၀၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်အတွင်း ဧက ၄,၀၀၀၊ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်အတွင်း ဧက ၅,၅၀၀၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ဧက ၇,၃၉၀ စုစုပေါင်း ဧက ၂၀,၃၉၀ အား စိုက်ပျိုးသွားမည်ဖြစ်သည်။

ရိုဘတ်စတာကော်ဖီသည် ဈေးကွက်ဝယ်လိုအား အခိုင်အမာရှိပြီးဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် တိုးချဲ့သီးနှံတစ်ခုအနေဖြင့် စတင်မိတ်ဆက်လျက်ရှိပါသည်။ တောင်သူများအနေဖြင့် ကော်ဖီစိုက်ပျိုးမှုအပေါ် စိတ်ဝင်စားမှု မြင့်တက်လာပါက ကော်ဖီ ပျိုးပင်များစွာကို ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။ ပုံမှန်အားဖြင့် ကော်ဖီပျိုးပင်များသည် ရွှေ့ပြောင်းစိုက်ပျိုးရန် ပျိုးဥယျာဉ်များတွင် ၆ လမှ ၁၂ လအထိ ကြာမြင့်တတ်ပါသည်။ ပြောင်းရွှေ့စိုက်ပျိုးပြီးနောက် ၃ နှစ်မှ ၄ နှစ်အကြာတွင် ကော်ဖီသီးများကို စတင် ခူးဆွတ်နိုင်ပြီး ကော်ဖီသီးများကို ခူးဆွတ်ပြီး အခြောက်ခံခါ တိုက်ရိုက် ရောင်းချခြင်း၊ စက်ရုံ များသို့ ပို့ဆောင်ခြင်း (သို့) ပြည်တွင်းပြည်ပ ဈေးကွက်နှစ်ခုစလုံးအတွက် စိုက်ပျိုးသူများကိုယ်တိုင် ပြုပြင်ထုတ်လုပ်၍ ရောင်းချခြင်းများ ပြုလုပ် ကြသည်။ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် ကော်ဖီစိုက်ခင်းများ ကောင်းစွာ ရှင်သန်ကြီးထွားနေပြီး ရန်ကုန်တိုင်း ဒေသကြီးတွင် လာမည့်မုတ်သုံရာသီအတွင်း တိုးချဲ့သီးနှံအသစ်အနေဖြင့် စတင်မိတ်ဆက် စိုက်ပျိုးသွားမည်ဖြစ်ပါသည်။

ရိုဘတ်စတာ မြေနိမ့်ကော်ဖီမျိုးများကို ပင်လယ်ရေမျက်နှာပြင် ပေ ၂,၅၀၀ အောက်တွင် စိုက်ပျိုးနိုင်ပါသည်။ ၎င်းကော်ဖီမျိုးများသည် ပိုးမွှားရောဂါဒဏ် ခံနိုင်ပြီး အထွက်နှုန်း ကောင်းပါသည်။ ၎င်းကော်ဖီ၏ ခါးသက်မှုနှင့် ကဖိန်းဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် ကမ္ဘာ့ ကော်ဖီဈေးကွက်များတွင် လူကြိုက်များပါသည်။ ကော်ဖီသည် ရေပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယသောက်သုံးမှု အများဆုံး ဖျော်ရည်ဖြစ်ပြီး ကမ္ဘာ့ ဝယ်လိုအား မြင့်မားမှုကြောင့် နိုင်ငံတကာကော်ဖီဈေးကွက်ကျွမ်းကျင်သူများအနေဖြင့် ၂၀၂၆ ခုနှစ်တွင် ဝယ်လိုအား နှစ်ဆမြင့် တက်လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

**နွေးနွေးအောင်**

https://www.gnlm.com.mm/robusta-coffee-to-be-grown-on-20000-acres/

# ရန်ကုန်စားအုန်းဆီရည်ညွှန်းဈေးနှုန်း မြင့်တက်လာ

**ပြီး**ခဲ့သည့် မတ် ၁၉ ရက်နေ့ ရက်သတ္တပတ်အတွင်း ရန်ကုန်ဈေးကွက်၏ စားအုန်းဆီလက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် ၆,၅၇၅ ကျပ် အထိ အနည်း ငယ်မြင့်တက်လာခဲ့ပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၁၄၅ ကျပ် ကွာဟချက် အနည်းငယ်ရှိကြောင်း စားသုံးဆီတင်သွင်း ဖြန့်ဖြူးခြင်း ဆိုင်ရာ ကြီးကြပ်ရေး ကော်မတီ၏ အဆိုအရ သိရသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီမှစ၍ စားအုန်းဆီ အဓိကထုတ်လုပ်သည့်နိုင်ငံများတွင် စားအုန်းဆီ ထုတ်လုပ်မှု သိသိသာသာကျဆင်းခြင်း၊ သိုလှောင်မှုများပြားခြင်း၊ တရုတ်နှစ်သစ် ကူး ပွဲတော်နှင့် ရမ် မဒန်လတွင် ဝယ်လိုအား မြင့်တက်လာခြင်းတို့ကြောင့် စားအုန်းဆီ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်ဟု ယူဆရသည်။

ရိုက်တာသတင်းဌာနနှင့် စက်မှုလုပ်ငန်းအစီရင်ခံစာများအရ အဓိကထုတ်လုပ်သော နိုင်ငံများရှိ စားအုန်းဆီထုတ်လုပ်မှုသည် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် ဈေးနှုန်းကို ထိန်ထားရန်အတွက် ရပ်တန့်ထား ခဲ့ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးဆီ တင်သွင်း ဖြန့်ဖြူးရေး ကြီးကြပ်မှု ကော်မ တီသည် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံရှိ FOB ဈေးနှုန်းများကို အနီးကပ်စောင့်ကြည့်လေ့လာနေပြီး သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်၊ အခွန်အခများနှင့် ဘဏ်ဝန်ဆောင်ခများကို ထည့်သွင်းကာ စားသုံးဆီ လက်ကားဈေးကွက် ရည်ညွှန်းနှုန်းထားကို အပတ်စဉ်ဆုံးဖြတ်လျက်ရှိသည်။

ရည်ညွှန်းဈေးနှုန်းသတ်မှတ်ထားသော်လည်း ဈေးကွက်ဈေးနှုန်းမှာ မြင့်မားနေ ဆဲဖြစ်သည်။

ဈေးနှုန်းအလွန်အကျွံတိုးမြှင့်ရောင်းချမှုကို ထိန်းချုပ်ရန်အတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ စားသုံးသူရေးရာဦးစီးဌာနသည် ဩဂုတ်လကုန်ပိုင်းတွင် call center hotline မှတစ်ဆင့် ဈေးနှုန်းအလွန်အကျွံမြှင့်တင်ရောင်းချမှုအတွက် တိုင်ကြားနိုင်ကြောင်း စားသုံးသူများအား အသိပေးထားသည်။

ဌာနအနေဖြင့် စားသုံးသူများအား စားအုန်းဆီကို ဈေးနှုန်းကြီးမြင့်စွာ မဝယ်ယူရန် တိုက်တွန်းထားသည်။

ဈေးကွက်ကို ခြယ်လှယ်ချုပ်ကိုင်နိုင်ရန် ဈေးနှုန်းမြှင့်တင်ခြင်းနှင့် ဆီသိုလှောင်ခြင်းတွင် ပါဝင်ပတ်သက်

စာ- ၅ သို့





# မလေးရှားနိုင်ငံ ဝက်သားကဏ္ဍ ၉၀ ရာခိုင်နှုန်း ကိုယ်တိုင်ဖူလုံမှုရရှိရန် ကြိုးပမ်းနေ

မလေးရှားနိုင်ငံသည် ဝက်သားထုတ်လုပ်မှု ဖူလုံမှုနှုန်းကို ၂၀၂၄ ခုနှစ်တွင် ၆၇ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းအထိ ရောက်ရှိရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ ဒုတိယဝန်ကြီး Chan Foong Hin က ပြောကြားသည်။

ပြည်တွင်းဝယ်လိုအားမှာ သွင်းကုန်များအပေါ် တစ်စိတ်တစ်ပိုင်းမှီခိုနေရဆဲဖြစ်ကြောင်း ၎င်းက ဆိုသည်။ ထောက်ပံ့မှု တိုးမြှင့်ရန်အတွက် အစိုးရသည် ဆာရာဝပ် (Sarawak) ပြည်နယ်မှ ဝက်အရှင်များကို မလေးရှားကျွန်းဆွယ်သို့ သယ်ယူပို့ဆောင်ရန်နှင့် ရောဂါထိန်းချုပ်မှု ပိုမိုကောင်းမွန်စေခြင်းဖြင့် မွေးမြူရေးခြံများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ရန် စီစဉ်လျက်ရှိသည်။

ကမ္ဘာ့ဈေးနှုန်း အတက်အကျများကို စီမံခန့်ခွဲနိုင်ရန် ဝက်အရှင်ဈေးနှုန်းနှင့် အစာစရိတ်များကို စောင့်ကြည့်လျက်ရှိကြောင်း မစ္စတာ Chan က ပြောသည်။ ၂၀၂၅ ခုနှစ်တွင် ပျမ်းမျှခြံထွက်ဈေးမှာ တစ်ကီလိုဂရမ်လျှင် ၄ ဒသမ ၄၅ အမေရိကန်ဒေါ်လာ ဖြစ်သည်။

ထို့အပြင် အစိုးရသည် ပြည်တွင်း၌ ပြောင်းစိုက်ပျိုးမှုကို တိုးချဲ့ရန်နှင့် ရောဂါထိန်းချုပ်နိုင်ပြီး ညစ်ညမ်းမှုကို လျှော့ချနိုင်သည့် Closed House System ကဲ့သို့သော ခေတ်မီဝက်မွေးမြူရေးစနစ်များကို မြှင့်တင်ရန် စီစဉ်နေသည်။ ဤစနစ်ကို ကျင့်သုံးသည့် မွေးမြူသူများသည် အခွန်ခံစားခွင့်များနှင့် ပီနန် (Penang) ပြည်နယ်၊ Kampung Selamat ရှိ စီမံကိန်းအပါအဝင် ဇီဝဓာတ်ငွေ့ (Biogas) စီမံကိန်းများအတွက် အထောက်အပံ့များကို ရရှိနိုင်မည်ဖြစ်သည်။

ဆာရာဝပ်ပြည်နယ်တွင် ဝက်မွေးမြူရေးဇုန် (PFA) တစ်ခုကို တည်ထောင်ထားပြီး နောက်ထပ် သုံးခုကိုလည်း တည်ဆောက်ရန် လျာထားသည်။ ဝန်ကြီးဌာနသည် မလေးရှား၏ ဝက်ကဏ္ဍ အားကောင်းလာစေရန် နိုင်ငံတကာ မွေးမြူရေးပုံစံများကိုလည်း လေ့လာလျက်ရှိသည်။ ခေတ်မီ PFA များနှင့် တင်းကျပ်သော ဇီဝလုံခြုံမှုစနစ်များကြောင့် ပြည်နယ်အတွင်းရှိ ဝက်အုပ်များမှာ ရောဂါကင်းစင်ကြောင်း ဆာရာဝပ် တိရစ္ဆာန်ဆေးကုသရေးဌာန (DVSS) က Asian Agribiz သို့ ပြောကြားခဲ့သည်။ "ကျနော်တို့ရဲ့ လုပ်ထုံးလုပ်နည်းတွေဖြစ်တဲ့ ကွာရန်တင်းဝင်တာ၊ စွန့်ပစ်ပစ္စည်းသန့်စင်တာကနေ အသွင်းအထုတ် စနစ်တကျစီမံတာတွေအထိဟာ မှတ်ပုံတင်ထားပြီး စစ်ဆေးပြီးသား ခြံတွေက ဝက်တွေကိုပဲ ပြည်ပတင်ပို့ဖို့ ခွင့်ပြုမှာ ဖြစ်ပါတယ်" ဟု ဆိုသည်။

**TTP**

www.asian-agribiz.com(26-3-2026)

# ဒေသတွင်း အပြောင်းအလဲများကြား တိရစ္ဆာန်အစာစရိတ်ကို ဗီယက်နမ် စောင့်ကြည့်နေ

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် ဗီယက်နမ်နိုင်ငံ၏ တိရစ္ဆာန်အစာစရိတ်သည် ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုသရေးဌာနက ပြောကြားခဲ့သည်။

ဟော်မုဇ်ရေလက်ကြား (Straits of Hormuz) တွင် အနှောင့်အယှက်အချို့ ဖြစ်ပေါ်နေခြင်းကြောင့် ကမ္ဘာ့အစာကုန်ကြမ်းဈေးနှုန်းများမှာ ပြောင်း (၂-၄ ရာခိုင်နှုန်း)၊ ပဲပုပ် (၁-၂ ရာခိုင်နှုန်း) နှင့် ဂျုံဈေးနှုန်းမှာ ရှစ်လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိသွားသည်။ ဗီယက်နမ်သည် ၎င်း၏ အစာကုန်ကြမ်း ၆၀-၇၀ ရာခိုင်နှုန်း (နှစ်စဉ် တန်ချိန် ၂၂-၂၄ သန်းခန့်) ကို တင်သွင်းနေရသဖြင့် စရိတ်ကြီးမြင့်မှုဒဏ်ကို ခံရနိုင်ခြေရှိသည်။

အာဏာပိုင်များက ဖြစ်နိုင်ခြေနှစ်ခုကို ချပြထားသည်။ အကယ်၍ မတ်လအတွင်း ပဋိပက္ခများ လျော့ပါးသွားပါက အစာဈေးနှုန်း ၃-၅ ရာခိုင်နှုန်း ပြန်ကျနိုင်သည်။ သို့သော် ဧပြီအထိ ဆက်လက်ဖြစ်ပွားနေပါက ၇-၁၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားနိုင်ပြီး မွေးမြူသူများ၏ အကျိုးအမြတ်ကို ထိခိုက်စေနိုင်ကြောင်း သိရှိရသည်။

**TTP**

www.asian-agribiz.com(27-3-2026)

စာ-၄ မှ

သူ မည်သူမဆို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုများ တွင် ဥပဒေအရ အရေးယူခံရမည်ဟု ကော်မတီက အသိပေးခဲ့သည်။

စားသုံးသူများအတွက် သင့်တင့်သော နှုန်းထားများဖြင့် ရောင်းချနိုင်ရေးအတွက် ဌာနအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်များ အသင်းနှင့် စားအုန်းဆီတင်သွင်း သည့်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဈေးနှုန်းအလွန်အကျွံမြှင့်တင်ရောင်းချမှု အတွက် တိုင်ကြားမှုများကို စားသုံးသူ ရေးရာဦးစီးဌာန၊ ဖုန်းခေါ်ဆိုမှုစင်တာ၏ hotline နံပါတ် ၁၅၃၅ မှတစ်ဆင့် တိုင်ကြားနိုင်သည်။ ထို့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဦးစီးဌာနများ၏ Facebook စာမျက်နှာသို့ လည်း ပေးပို့နိုင်ပါသည်။

ပြည်တွင်းစားအုန်းဆီသုံးစွဲမှုမှာ တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့် ရှိမည်ဟု ခန့်မှန်းရသည်။

ဒေသတွင်း စားအုန်းဆီထုတ်လုပ်မှုမှာ တန်ချိန် ၄၀၀,၀၀၀ ခန့် ရှိသည်။ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများ မှတစ်ဆင့် စားအုန်းဆီ တန်ချိန် ၇၀၀,၀၀၀ ခန့်ကို နှစ်စဉ် တင်သွင်းလျက်ရှိကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.gnlm.com.mm/palm-oil-holds-at-k6250-per-viss-in-yangon-for-week-ending-19-feb/



www.agribiznews.com.mm
မှ ePaper များ
ရယူလိုက်ပါ




# အမေရိကန်မှ ထွက်လာပြီးနောက် နာနတ်သီးထုတ်လုပ်သူများ အာရှဈေးကွက်သို့ ပြောင်းလဲ အာရုံစိုက်လာ

**Del** Monte Pacific Ltd. (DMPL) သည် အရှုံးပေါ်နေသော အမေရိကန် စီးပွားရေးလုပ်ငန်းများကို ရောင်းချပြီးနောက် အာရှလုပ်ငန်းများသို့ အာရုံစိုက် လာခဲ့သည်။ မတ် ၁၂ ရက်နေ့တွင် ဖိလစ်ပိုင် စတော့အိတ်ချိန်းသို့ ထုတ်ဖော်ပြောကြားရာတွင် ကုမ္ပဏီ သည် ယခုအခါ ၎င်း၏ အကျိုးအမြတ် ရှိသော အဓိက စီးပွားရေး လုပ်ငန်းအတွင်း တိုးတက်မှုကို မောင်းနှင်ရန် အပြည့်အဝ အာရုံစိုက်နိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

DMPL က ၎င်း၏လက်အောက်ခံ ကုမ္ပဏီ Del Monte Philippines Inc. သည် စားသုံးသူ ဝယ်လိုအားနှင့် ထောက်ပံ့ရေးကွင်းဆက်လုပ်ငန်းများ၏ ပံ့ပိုးမှုဖြင့် တည်ငြိမ်သောစွမ်းဆောင်ရည်ကို ဆက်လက်မှတ်တမ်းတင်နေကြောင်း ပြောကြားခဲ့သည်။ အဖွဲ့၏ ဦးစားပေးများတွင် ဖိလစ်ပိုင်နိုင်ငံရှိ အဖျော်ယမကာ၊ ချက်ပြုတ်နည်းနှင့် ထုပ်ပိုးထားသော သစ်သီးဝလံအမျိုးအစားများတွင် ဈေးကွက်ဦးဆောင်မှုကို အားဖြည့်ခြင်း ပါဝင်သည်။ ကုမ္ပဏီသည် ထုတ်ကုန်များကို အပိုင်းအသစ်များတွင် မိတ်ဆက်ရန်နှင့် convenience stores၊ away-from-home channels၊ ဆေးဆိုင်များနှင့် ကျောင်းများမှ တစ်ဆင့် ဖြန့်ဖြူး မှုကို တိုးချဲ့ရန်လည်း စီစဉ်ထားသည်။

နိုင်ငံတကာဈေးကွက်များတွင် ကုမ္ပဏီသည် မြောက်အာရှတစ်ဝန်းရှိ လတ်ဆတ် သောနာနတ်သီးများတွင် ဈေးကွက်ဦးဆောင်မှုကို ထိန်းသိမ်းရန် ရည်ရွယ်ထားသည်။ ထုပ်ပိုးထားသော နာနတ်သီး ထုတ်ကုန်များတွင် အသုံးပြုသည့် C74 နာနတ်သီးအမျိုးအစား၏ ထုတ်လုပ်မှုကိုလည်း ၂၀၂၅ ဘဏ္ဍာ ရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်းကျော် တိုးမြှင့်ရန် စီစဉ်ထားသည်။ ကုန်ပစ္စည်းစာရင်း အဆင့်များသည် ရက် ၇၀ အောက်တွင် ရှိနေရန် မျှော်လင့်ရကြောင်း သိရသည်။

DMPL က ၂၀၂၅ ခုနှစ်တွင် ၎င်း၏ အမေရိကန် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မှတ်တမ်းတင်ထားသော အရင်းအနှီး လိုငွေပြမှုများကို လျှော့ချရန်အတွက် ရှယ်ယာများ မြှင့်တင်ခြင်းကို ဦးစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အရင်းအနှီးခွဲဝေမှုကို အကောင်းဆုံးဖြစ်အောင် အိန္ဒိယရှိ Sundrop Brands Ltd. တွင် ကျန်ရှိနေသော ရှယ်ယာများကို ရောင်းချရန်လည်း အဖွဲ့မှ စီစဉ်ထားသည်။

၂၀၂၆ ခုနှစ် ဇွန်တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်၏ ပထမကိုးလအတွင်း DMPL သည် အသားတင်အမြတ် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃ သန်း ရရှိခဲ့ပြီး ယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ သန်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့သည်။ ရောင်းအားသည် အမေရိကန်ဒေါ်လာ ၅၉၇ ဒသမ ၅ သန်းမှ အမေရိကန်ဒေါ်လာ ၆၈၂ ဒသမ ၄ သန်းအထိ ၁၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ဖိလစ်ပိုင်တွင် လတ်လတ်ဆတ်ဆတ် ထုပ်ပိုးထားသော နာနတ်သီးထုတ်ကုန်များ တင်ပို့မှုမြင့်တက်လာခြင်းနှင့် ရောင်းအားမြင့်တက်လာခြင်းတို့ကြောင့် တိုးတက်မှု ရရှိခဲ့ခြင်း ဖြစ်သည်။ ရလဒ်များသည် ပမာဏတိုးလာခြင်း၊ ထုတ်ကုန်ရောနှောမှုနှင့် ငွေကြေးဖောင်းပွမှုနှင့်အညီ ဈေးနှုန်းချိန်ညှိမှုများ ကြောင့် မြင့်မားသော အသားတင် အမြတ်အစွန်းများကိုလည်း ထင်ဟပ်စေသည်။ အတိုးနှုန်းနည်းပါးခြင်းသည် ရလဒ်များအတွက် အထောက်အကူဖြစ်စေခဲ့ပြီး ဖိလစ်ပိုင်ပီဆိုတန်ဖိုး ကျဆင်းမှုနှင့် ဆက် စပ်၍ မဖြစ်ပေါ်သေးသော နိုင်ငံ ခြားငွေ လဲလှယ်မှု ဆုံးရှုံးမှုများက အမြတ်အစွန်းများကို တစ်စိတ်တစ်ပိုင်း ချေဖျက်ပေးခဲ့သည်။

ဖိလစ်ပိုင်ဈေးကွက်တွင် ရောင်းအားသည် အမေရိကန်ဒေါ်လာ ၃၂၂ ဒသမ ၇ သန်းအထိ ရောက်ရှိခဲ့ပြီး ပီဆိုတန်ဖိုးဖြင့် ၈ ဒသမ ၃ ရာခိုင်နှုန်းနှင့် အမေရိကန်ဒေါ်လာတန်ဖိုးဖြင့် ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိသည်။ အထွေထွေကုန်သွယ်မှု၊ ခေတ်မီကုန်သွယ်မှုနှင့် အစား အသောက် ဝန်ဆောင်မှုလမ်းကြောင်းများ၊ အထူးသဖြင့် ထုပ်ပိုးထားသော သစ်သီးဝလံနှင့် အဖျော်ယမကာ ထုတ်ကုန်များအတွက် ဝယ်လိုအား တိုးတက်မှုကို ပံ့ပိုးပေးခဲ့သည်။

တရုတ်၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းတို့တွင် လတ်ဆတ်သော နာနတ်သီးများ ဝယ်လိုအားကြောင့် နိုင်ငံတကာရောင်းအားသည် ၁၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၆ သန်း အထိရှိလာခဲ့သည်။ ဂျပန်နိုင်ငံတွင် လတ်ဆတ်သော နာနတ်သီး ရောင်းအားသည် ၁၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး fresh-cut pineapple အတွက် ဝယ်လိုအားနှင့် S&W Deluxe နာနတ်သီးကို ဖောက်သည်အသစ်ထံ မိတ်ဆက်ခြင်းတို့နှင့် ဆက်စပ်နေသည်။

ယခင်နှစ်ကာလတူက ၂၇ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ ကြောင်း၊ ယင်းတိုးတက်မှုသည် ဈေးနှုန်း လုပ်ဆောင်မှုများ၊ ပို့ကုန်ပမာဏများနှင့် S&W Deluxe နာနတ်သီးတင်ပို့မှု၏ မြင့်မားသောဝေစုနှင့် ဆက်စပ်နေကြောင်း သိရှိရပါသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9818982/pineapple-producer-shifts-focus-to-asian-markets-after-u-s-exit/

# ထုပ်ပိုးမှုစရိတ် မြင့်တက်လာခြင်းက ထိုင်းနိုင်ငံ၏ ကြက်သားတင်ပို့မှုကဏ္ဍကို စိန်ခေါ်လျက်ရှိ



**ပြည်**တွင်းနှင့် ပြည်ပဈေးကွက်များသို့ ကြက်သားထုတ်ကုန်များ တင်ပို့ရန်အတွက် မရှိမဖြစ်လိုအပ်သော ပလတ်စတစ်အိတ်များသည် ထိုင်းကြက်သားလုပ်ငန်းအတွက် ကြီးမားသော စိုးရိမ်ပူပန်မှု ဖြစ်လာလျက်ရှိကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကြောင့် ရေနံထောက်ပံ့မှုနှင့် ဆက်စပ်လုပ်ငန်းများ အနှောင့်အယှက်ဖြစ်ကာ ပလတ်စတစ်အိတ်ဈေးနှုန်းများ ၈-၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း ထိုင်းကြက်သားထုတ်လုပ် တင်ပို့သူများအသင်း မန်နေဂျာ Kukrit Areepakorn က Asian Agribiz သို့ ပြောကြားခဲ့သည်။

"ကြက်သားထုတ်လုပ်သူတွေဟာ လက်ရှိမှာ ကုန်ကျစရိတ် ပိုများလာတာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါပေမဲ့ အနာဂတ်မှာ ပစ္စည်းပြတ်လပ်မှု ရှိမရှိဆိုတာတော့ မသေချာသေးပါဘူး" ဟု ၎င်းကဆိုကာ ကုမ္ပဏီများတွင် ကိုယ်ပိုင်အရန်ပစ္စည်းများ ရှိထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံသည် ပုံမှန်အားဖြင့် ယူအေအီး (UAE) နိုင်ငံသို့ တစ်နှစ်လျှင် ကြက်သားတန်ချိန် ၂၀,၀၀၀ တင်ပို့သော်လည်း ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့် ယင်းတင်ပို့မှုများကို ရပ်ဆိုင်းထားရသည်။

**TTP**

www.asian-agribiz.com(26-3-2026)

# အီရန်ပဋိပက္ခနှင့် အယ်လ်နီညို (El Nino) ခန့်မှန်းချက်များကြောင့် ပဲမျိုးစုံ အကောက်ခွန်လွတ် တင်သွင်းခွင့်ကို အိန္ဒိယထပ်မံသက်တမ်းတိုးဖွယ်ရှိနေ

ယခုနှစ်အတွင်း အယ်လ်နီညို (El Nino) ဖြစ်ပေါ်နိုင်သည့် ခန့်မှန်းချက်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော အနောက်အာရှဒေသ၏ အကျိုးသက်ရောက်မှုများကြောင့် သယ်ယူပို့ဆောင်ရေး စရိတ်များ မြင့်တက်နေသည့်ကြားမှ အိန္ဒိယအစိုးရသည် ပဲစင်းငုံနှင့် မတ်ပဲကဲ့သို့သော ပဲမျိုးစုံ လုံလောက်စွာရရှိစေရန်အတွက်အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုသည့် ကာ လကို တိုးမြှင့်ဖွယ်ရှိကြောင်း သိရသည်။ ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် အကောက်ခွန်ကင်းလွတ်ခွင့် ဖြင့် တင်သွင်းနိုင်သည့်ကာလမှာ ယခုလ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အိန္ဒိယနိုင်ငံ တွင် အဆိုပါ ပဲအမျိုးအစားများ လိုအပ်ချက်ရှိနေခြင်းကြောင့် သက်ဆိုင်သူများက သက်တမ်းတိုးရန် မျှော်လင့်နေကြကြောင်း The Hindu Businessline သတင်းဌာနက မတ် ၁၂ ရက်က ဖော်ပြထားသည်။

အစိုးရအနေဖြင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်မူဝါဒကို သက်တမ်းတိုးရန် တွန်းအားပေးနေသည့် အခြားအချက်တစ်ခုမှာ ဖွန့်လအထိ လက်ရှိသီးနှံစိုက်ပျိုးရာသီအတွင်း ပြည် တွင်းထုတ်လုပ်မှု ကျဆင်းနေခြင်းဖြစ်သည်။ အစိုးရ၏ ဒုတိယအကြိမ် ကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံထုတ်လုပ်မှုသည် ယခင်နှစ်က တန်ချိန် ၃၆ ဒသမ ၂၄ သိန်းရှိခဲ့ ရာမှ ၄ ဒသမ ၆၆ ရာခိုင်နှုန်း လျော့နည်းကာ တန်ချိန် ၃၄ ဒသမ ၅၅ သိန်းသာ ရှိကြောင်း သိရသည်။ ထို့အတူ မတ်ပဲထုတ်လုပ်မှုမှာလည်း မိုးသီးနှံ (Kharif) ရာသီတွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်း ကာ တန်ချိန် ၁၂ ဒသမ ၀၆ သိန်း (ယခင်နှစ် ၁၃ ဒသမ ၄၁ သိန်း) နှင့် ဆောင်းသီးနှံ (Rabi) ရာသီ တွင် ၈ ဒသမ ၁၄ ရာခိုင်နှုန်း လျော့နည်းကာ တန်ချိန် ၅ ဒသမ ၀၈ သိန်း (ယခင်နှစ် ၅ ဒသမ ၅၃ သိန်း) သာ ရှိခဲ့ကြောင်း သိရသည်။

ပဋိပက္ခများဖြစ်ပွားနေသည့်ကြားမှ ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် သယ်ယူပို့ ဆောင်ရေးနှင့် အာမခံစရိတ်များ မြင့်တက်လာနိုင်သဖြင့် အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုအပေါ် စိုးရိမ်လျက်ရှိကြောင်း၊ ကုန်စည်ထောက်ပံ့မှုများ ပြတ်တောက်ခြင်းမရှိနိုင်သော်လည်း သင်္ဘောလိုင်းများက စစ်ဘေးအန္တရာယ် အာမခံကြေး (War-risk premiums) များကို ပိုမိုကောက်ခံဖွယ်ရှိပြီး စုစုပေါင်း တင်သွင်းမှုစရိတ်ကို မြင့်တက်စေနိုင်ကြောင်း၊ ရူပီးငွေတန်ဖိုး ကျဆင်းခြင်းသည်လည်း ကုန်ကျစရိတ်များ မြင့်တက်စေသည့် အချက်တစ်ခုဖြစ်ကြောင်း၊ ထုပ်ပိုးမှုစရိတ်များပင်လျှင်မြင့် တက်လာခဲ့ပြီး PP (polypropylene) အိတ်ဈေးနှုန်းများသည် တစ်ပတ်အတွင်း ၁၁ ရူပီးမှ ၂၃ ရူပီး အထိ နှစ်ဆတိုးလာကာ တစ်တန်လျှင် ကုန်ကျစရိတ် ၂၅၀ ရူပီးခန့် မြင့်တက်လာစေကြောင်းနှင့် အဆိုပါ မရေရာမှုများနှင့် အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံ လိုအပ်ချက်ရှိနေသည့် အချက်များကြောင့် အစိုးရ အနေဖြင့် တင်သွင်းမှုကို ကန့်သတ်ခြင်းမှ ရှောင်ကြဉ်သင့်ပြီး ကုန်စည်များ ဆက်လက်ဝင်ရောက် လာစေရန် ဆောင်ရွက်သင့်ကြောင်း အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း (India Pulses and Grains Association) ၏ ဥက္ကဋ္ဌ Bimal Kothari က ပြောကြားခဲ့သည်။ ၎င်းက ဆက်လက်၍ အိန္ဒိယနိုင်ငံ အနေဖြင့် ပဲမျိုးစုံ လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားသည်။



## ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

ပဲစင်းငုံနှင့် မတ်ပဲတင်သွင်းမှုများမှာ အကောက်ခွန်ကင်းလွတ်ခွင့် ရရှိထားသော်လည်း ကုလားပဲ (Chana) နှင့် ပဲနီလေး (Masur) ကဲ့သို့သော ပဲမျိုးစုံတင်သွင်းမှုအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်းနှင့် စားတော်ပဲ (Yellow peas) အပေါ် ၃၀ ရာခိုင်နှုန်း ကောက်ခံလျက်ရှိကြောင်း သိရသည်။ အဆိုပါ မူဝါဒသည် ပြည်တွင်းဈေးကွက်၌ ပဲဈေးနှုန်းအားလုံးကို တည်ငြိမ်စေခဲ့သောကြောင့် အစိုးရအနေဖြင့် ယင်းမူဝါဒကိုသာ ဆက်လက်ကျင့်သုံးလိမ့်မည်ဟု ပဲကုန်သွယ်မှုလောကက မျှော်လင့်နေကြောင်း Kothari က ပြောကြားခဲ့သည်။ ထို့ပြင် ပြည်တွင်း၌ ကုလားပဲနှင့် ပဲနီလေး အထွက် နှုန်းကောင်းမွန်သောကြောင့် အစိုးရအနေဖြင့် ယခုအခွင့်အရေးကို အသုံးပြု၍ ခိုင်မာသော အရန် ရိက္ခာ (Buffer stocks) များ တည်ဆောက်ထားသင့်ကြောင်း ၎င်းက အကြံပြုပြောကြားခဲ့သည်။

အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း (IPGA) ၏ အတွင်းရေးမှူး Satish Upadhyay က ပဲမျိုးစုံတင်သွင်းမှုမူဝါဒ သက်တမ်းတိုးခြင်းကို လာမည့်ရက်သတ္တပတ်အတွင်း ထုတ်ပြန်ဖွယ်ရှိ ကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့က ခန့်မှန်းထားသည့်အတိုင်း အိန္ဒိယနိုင်ငံ၏ ရာသီဥတုအခြေအနေသည် အယ်လ်နီညိုဖြစ်ပေါ်ရန်နှင့် မုတ်သုံမိုးအပေါ် သက်ရောက်မှုရှိရန် အလားအလာမြင့်မားနေသဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်း ချုပ်နိုင်ရန်အလို့ငှာ အစိုးရအနေဖြင့် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ကို ဆက်လက် ခွင့်ပြုသင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

## သက်တမ်းတိုးရန် မျှော်လင့်

ပြည်တွင်းထုတ်လုပ်မှုသည် ယခင်နှစ်ထက် လျော့နည်းနေသဖြင့် အစိုးရသည် ပဲစင်းငုံနှင့် မတ်ပဲတို့၏ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းမှုကို သက်တမ်းတိုးရန် အလားအလာရှိ ကြောင်း IGrain India မှ Rahul Chauhan က ပြောကြားခဲ့သည်။ အခြားပဲမျိုးစုံ၏ ဈေးနှုန်းများမှာ ထိန်းချုပ်နိုင်သည့် အခြေအနေတွင်ရှိသဖြင့် ၎င်းတို့အပေါ် ကောက်ခံနေသည့် အကောက်ခွန် ဖွဲ့စည်းပုံမှာမူ ပြောင်းလဲမှုရှိမည် မဟုတ်ကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်း၌ သီးနှံရရှိနိုင်မှု အခြေအနေမှာ များစွာကောင်းမွန်မှု မရှိသောကြောင့် အစိုးရအနေ ဖြင့် ပဲစင်းငုံနှင့် မတ်ပဲတို့အား အကန့်အသတ်မဲ့ တင်သွင်းခွင့်ပြုခြင်း (OGL imports) ကို ယခုလ ၃၁ ရက်နောက်ပိုင်းအထိ သက်တမ်းတိုးပေးသင့်ကြောင်း ချန်နိုင်းမြို့အခြေစိုက် တင်သွင်းသူတစ်ဦးဖြစ် သည့် Four P International မှ မန်နေဂျင်းဒါရိုက်တာ B Krishnamurthy က ပြောကြားခဲ့သည်။ လုပ်ငန်းရှင်များမှာ အဆိုပါ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းမှုကို သက်တမ်းတိုးမည့် အချိန်အား မျှော်လင့်စောင့်ဆိုင်းလျက်ရှိကြကြောင်း ၎င်းက ပြောကြားသည်။

၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံတင်သွင်းမှုသည် တန်ချိန် ၆၅ ဒသမ ၆၇ သိန်းသို့ အနည်းငယ် ကျဆင်းခဲ့ပြီး ယခင်နှစ်တွင်မူ တန်ချိန် ၆၈ ဒသမ ၇၅ သိန်း ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ကျဆင်းမှုမှာ စားတော်ပဲ တင်သွင်းမှု လျော့နည်းသွားခြင်းကြောင့် ဖြစ်သော် လည်း မတ်ပဲ၊ ကုလားပဲနှင့် ပဲစင်းငုံတို့အား ပြည်ပမှဝယ်ယူမှုမှာမူ ပိုမိုမြင့်တက်လာခဲ့ကြောင်း တွေ့ရှိ ရသည်။

အိန္ဒိယနိုင်ငံတွင် ပြည်တွင်းပဲထုတ်လုပ်မှု ကျဆင်းခြင်းနှင့် အယ်လ်နီညို (El Nino) ဖြစ်ပေါ် နိုင်ခြေရှိခြင်းတို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပဲစင်းငုံနှင့် မတ်ပဲတို့အပေါ် အကောက်ခွန်ကင်း လွတ်ခွင့်ဖြင့် တင်သွင်းနိုင်သည့်ကာလကို ယခုလ ၃၁ ရက်နောက်ပိုင်းတွင် သက်တမ်းတိုးရန် စဉ်း စားလျက်ရှိသော်လည်း လက်ရှိအချိန်အထိ တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရ သည်။ အဆိုပါ ပဲမျိုးစုံတင်သွင်းမှုမူဝါဒ သက်တမ်းတိုးနိုင်မှုအခြေအနေကို အိန္ဒိယပဲကုန်သည်များနှင့် အသင်းအဖွဲ့ ကိုယ်စားလှယ်များက အခိုင်အမာမျှော်လင့်လျက်ရှိကြပြီး ၎င်းအခြေအနေသည် အိန္ဒိယ နိုင်ငံသို့ ပဲမျိုးစုံအဓိက တင်ပို့လျက်ရှိသည့် မြန်မာနိုင်ငံအတွက် ဈေးကွက်အခွင့်အလမ်းကောင်းများ ဆက်လက်ရရှိနိုင်မည့် အလားအလာရှိပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ **ကောင်းထွဋ်အောင်**

The Hindu Businessline, India may extend duty-free pulses imports beyond March 31 on Iran war, El Nino possibility, March 12, 2026.

# ကုန်းနေ ရေနေ
# ငါးဖျံငါး၏သဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)

ငါးဖျံ (Mudskipper) သည် အပူပိုင်းဒေသက ငါးကလေး တစ်မျိုးဖြစ်သည်။ ထိုငါး၏ ရှေ့ဖက်ဆူးတောင်များသည် ပင်လယ်ဖျံများ၏ ရေယက်များကဲ့သို့ ကြီးထွားကြသည်။ ထိုငါးသည် ကုန်းသို့ တက်ကာ ဒီရေအတက်အကျရှိသည့် နေရာများ၌ ကျက်စား တတ်သည်။ ကျောက်ဆောင်များ၊ သစ်ပင်အမြစ်များပေါ်သို့ နံ့ကောင်ကဲ့သို့ ခုန်တက်၍ ပိုးကောင်ကလေးများကို ရှာဖွေ စားသောက်တတ်သည်။ ဩစတေးလျတိုက်ရှိ ကျောက်တန်းများတွင် တွေ့ရသော ငါးဖျံတစ်မျိုးမှာ လေသက်သက်ကိုသာ ရှူနိုင်သော ငါးမျိုးဖြစ်ရာ ရေအောက်တွင်ထားလျှင် မွန်း၍ သေဆုံးတတ်သည်။

ငါးဖျံကို အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ မြစ်များတွင် တွေ့ရ သည်။ ငါးဖျံမျိုးများကို ဩစတေးလျးတိုက် ဂရိတ် ဗရီးယားရီ ခေါ် ကျောက်သန္တာတန်း၌လည်း တွေ့နိုင်သည်။ အမေရိကတိုက် အပူပိုင်းဒေသ၌ မျက်စိ ၄ လုံးနှင့် ငါးဖျံမျိုး ရှိသည်ဟု ဆို သည်။ မျက်စိ ၄ လုံးဟုဆိုရာတွင် ထိုငါးဖျံ၏ မျက်လုံး၌ အထက်ပိုင်း၊ အောက်ပိုင်း ခွဲခြားလျက်ရှိခြင်းကို ပင် ဆိုလိုသည်။ ငါးဖျံသည် ရေထဲ၌သွားသောအခါ မျက်လုံး အောက်ပိုင်းကို ရေထဲ၌ထား၍ မျက်လုံးအထက်ပိုင်းကို ရေပေါ်၌ ထား၍ သွား၏။ ထို့ကြောင့် ရေထဲက ပိုးကောင်ကိုသော်လည်းကောင်း၊ ရေပေါ်က ပိုးကောင်ကိုသော်လည်းကောင်း မြင်နိုင်ခြင်း ဖြစ်၏။

## ငါးဖျံငါး၏ သဘာဝ

ငါးဖျံသည် ကုန်းနေရေနေငါး (Amphibious fish) ဖြစ်ပြီး ၎င်းတို့၏သဘာဝသည် ရေထဲတွင်သာမက ကုန်းပေါ်တွင်ပါနေနိုင်သော သဘာဝမို့ အခြားရေချိုငါး၊ ရေငန်ငါးများထက်စာလျှင် ကုန်းပေါ်တွင် ရှင်သန်နိုင်စွမ်းပိုမြင့်ပါသည်။ Mudskipper ဟုခေါ်သော ငါးဖျံမျိုးစိတ်များ၏ ကုန်းပေါ်ရှင်သန်နိုင်စွမ်းသည် အလွန်ဆုံး၂ရက် ကြာပါသည်။ ငါးဖျံမျိုးစိတ်များသည် ကုန်းပေါ်တွင် အခြားငါးမျိုးစိတ်များထက် ပိုပြီးအချိန်ကြာကြာရှင်သန်နိုင်ရုံသာဖြစ်ပြီး ရေနေသတ္တဝါဖြစ်သည်မို့ ရေမရှိဘဲနှင့် ရေရှည်ရှင်သန်နိုင်မည်မဟုတ်ပေ။ အကြောင်းမှာ ငါးများသည် ရေထဲမှ အောက်ဆီဂျင်ကို ပါးဟပ်မှတဆင့်သွေးကြောထဲလည်ပတ်စီးဆင်းစေကာ ရှင်သန်ရခြင်းဖြစ်ပြီး လေထုအောက်ဆီဂျင်ကို စုပ်ယူနိုင်သော အဆုတ်မပါရှိသည့်အတွက် ကုန်းပေါ်တွင် ရှင်သန်နိုင်စွမ်းမရှိပေ။

ငါးဖျံသည် မျိုးပေါင်းစု (Phylum) – Chordata , မျိုးရင်း (Family) – Gobiiformes အောက်တွင် ပါဝင်ကြပါသည်။ ကမ္ဘာပေါ်တွင် ငါးဖျံငါးမျိုးစိတ်ပေါင်း ၃၂ မျိုးခန့်ရှိကြသည်ကို မှတ်တမ်းများအရ သိရပါသည်။ ငါးဖျံငါးကို အင်္ဂလိပ်လို Mud Skipper ဟုလည်း လူသိများပါသည်။





## ကုန်းနေရေနေ ငါးဖျံငါး

ငါးဖျံငါးလေးများသည် အခြားငါးမျိုးစိတ်များကဲ့သို့ ရေထဲတွင်သာ နေထိုင်ကြသော ငါးများမဟုတ်ကြဘဲ ကုန်နေရေနေငါး(amphibious fish) များ ဖြစ်ကြပါသည်။ Amphibian ဆိုသည်မှာ မြန်မာလို ကုန်းတစ်ပိုင်းရေတစ်ပိုင်း (သို့) ကုန်းနေရေနေသတ္တဝါ ဟု အဓိပ္ပာယ်ရသည်။ သတ္တဝါလောကတွင် ကုန်းနေသတ္တဝါများသည် ရေနေသတ္တဝါများထက်ပိုပြီး အဆင့်မြင့်ကြသည်။



ဤကုန်းနေရေနေသတ္တဝါများ၏ အဆင့်မှာ ကုန်းသတ္တဝါနှင့် ရေသတ္တဝါများ၏ ကြားထဲတွင်ရှိသည်။ ထို့ကြောင့် ၎င်းတို့မှာ အဆင့်မြင့် ကုန်းနေသတ္တဝါများကဲ့သို့ ကုန်းပေါ်တွင် နေထိုင်နိုင်ကြသော်လည်း အချိန်ကြာမြင့်စွာ မနေနိုင်ကြ။ ရေထဲသို့ တစ်ခါတစ်ရံ ပြန်ဆင်းကြရသည်။ ကုန်းနေရေနေ အုပ်စုတွင် ပါဝင်သော သတ္တဝါများမှာ ငါးဖျံ ငါးအပါအဝင် ဖား၊ မိကျောင်း၊ လိပ်၊ ရေပုတ်သင်နှင့် အခြားအကောင်များပါဝင်သည်။

## အလေ့အထ

ကုန်းနေရေနေငါးဖျံငါးများမှာ သွေးအေးသတ္တဝါများ ဖြစ်ကြပြီး ကျောရိုးရှိများဖြစ်သည်။ အသက်ရှူရာတွင် ပါးဟက်နှင့် အရေပြားတို့အပြင် အဆုတ်ကိုပါ အသုံးပြုကြသည်။ ၎င်းတို့ကို ရေနှင့်အနီးတစ်ဝိုက် နေရာများနှင့် စိုစွတ်သော ပတ်ဝန်းကျင်များတွင် တွေ့ရှိနိုင်သည်။

## စားသောက်ခြင်း

အရွယ်ရောက်ပြီးသော ငါးဖျံများမှာ အသားစား သတ္တဝါများ ဖြစ်ကြပြီး အများစုမှာ ကျောရိုးမဲ့ အကောင်များကို စားသုံးကြပြီး အရွယ်မရောက်သေးသော သားလောင်းကောင်များမှာမူ Herbivorous (အပင်စားသတ္တဝါများ) ဖြစ်သည်။ ရေညှိနှင့် အခြားသော ရေထဲရှိ အပင်များကို စားသုံးကြသည်။

## မျိုးပွားခြင်း

ငါးဖျံငါးများသည် ဥဥခြင်းဖြင့် မျိုးပွားကြသည်။ ၎င်းတို့ ဥချလိုက်သော ဥများမှ သားလောင်းများ ပေါက်လာကြသည်။ ထိုသားလောင်းများမှ တစ်ဆင့် အရွယ်ရောက်ပြီး အကောင်များဖြစ်လာသည်။ ဥများကို အများအားဖြင့် ရေထဲတွင် ဥတတ်ကြသည်။

## ဒေသအခေါ်

ငါးဖျံငါးကို မြိတ်ဒေသတွင် 'ပရစ်ပွေး(ခေါ်) ဘရစ်ပွေး' ဟု ခေါ်ကြသလို ရခိုင်ဒေသတွင်လည်း 'ငါးဒေါင်းပြောက်'ဟု ခေါ်ဆိုကြပြီး မွန်ပြည်နယ်အခေါ်မှာ 'ငါးဖျံ' ဖြစ်ပါသည်။ ငါးဖျံငါးမှာ ရွှံ့နွံတွင် ပျော်မြူးခုန်ပေါက်တတ်ကြသော ငါးလေးများ ဖြစ်ပါသည်။ မြစ်ကမ်းနားတစ်လျှောက်တွင်လည်း တွင်းအောင်းတတ်ကြသည်။ ငါးဖျံငါးလေးများမှာ ဒီရေမရောက်သော ရွှံ့မြေမာများတွင် နေထိုင်လေ့မရှိဘဲ ဒီရေရောက်သော ရွှံ့မြေပျော့များတွင်သာ တွေ့ရများပါသည်။

## ငါးဖျံစကားပုံ

ချောင်းငယ်၊ မြောင်းငယ်များ



တွင် မျောပါနေသော ဗုံလုံသီးနှင့် ဗုံလုံသီးပေါ်တွင် တက်ခိုနေသော ငါးဖျံတို့သည် သူတစ်ပြန် ငါတစ်ပြန် အထက်အောက် တစ်လှည့်စီဖြစ်နေပုံကို 'ဗုံလုံတလှည့်၊ ငါးဖျံတစ်လှည့်' ဟူ၍ ဆိုကြပါသည်။ ထိုကား ငါးဖျံငါးလေးတို့၏ စကားပုံဖြစ်ပေသည်။

## တွင်းအောင်းခြင်း အလေ့အထ

ငါးဖျံငါးလေးများမှာ ရွှံ့စေးမြေ၏ အဆီအနှစ်များ စားသုံးပြီး ပင်လယ်ဝမြစ်ကမ်းနားတစ်လျှောက်တွင်လည်း ပေါများစွာ တွေ့ရတတ်ပါသည်။ ရွှံ့နွံတွင်း ၁ တွင်းလျှင် ငါးဖျံ ၁ ကောင်သာ နေတတ်ကြပြီး ၂ ကောင်ပူးလျက် တွေ့ရသည်ရှိသော် ငြား ရှားပါးလှပါသည်။ ငါးဖျံများ အစာရှာထွက်ပါက ရွှံ့နွံတွင်းပေါ်သို့

စာ-၉ သို့

စာ-၈ မှ

တက်ရောက်ကာ ကမ်းခြေတစ်လျှောက် အစာရှာစားတတ်ကြပါသည်။ လူနှင့်တွေ့ပါက အလျင်အမြန် ခုန်ဆွ ခုန်ဆွ ပြေး၍ တွင်းခေါင်းထဲသို့ ဝင်ရောက် ပုန်းခိုတတ်ကြသည်။ ငါးဖျံလေးများ ဘယ်လောက်ပုန်းပုန်း တံငါမုဆိုးတို့လက်က ပြေးမလွတ်ချေ။

ငါးဖမ်းကိရိယာမပါဘဲ လက်၏ ကျွမ်းကျင်မှုကို အသုံးပြုကာ ရွှံ့နွံတွင်းများတွင် လက်နှိုက်၍ ငါးဖျံငါးများကို တံငါမုဆိုးတို့ ဖမ်းဆီးကြပါသည်။ ရေထရက်၊ ရေကြီးရက်များ၏ ရေစစ်ချိန်တွင် ငါးဖျံများကို များပြားစွာ ဖမ်းဆီးရမိတတ်ကြသည်။ ကုန်းနေရေနေငါးဖြစ်သောကြောင့် ရေထဲတွင် ပါးဟက်ဖြင့် အသက်ရှူကာ ကုန်းပေါ်တွင် အရေပြားမှ တဆင့် လေထဲက အောက်ဆီဂျင်ကို စုပ်ယူပြီး သွေးထဲသို့ ပို့ပေးပါသည်။ဒေသတစ်ခုမှ တစ်ခုသို့ ငါးဖျံငါးလေးများကို သယ်ဆောင်မည်ဆိုပါက ရွှံ့နောက်ရေနှင့် သယ်သွားပါက ပိုမိုမြူးကြွကာ ရှင်သန်မှုပိုကောင်းပါသည်။

## ငါးဖျံစားဖွယ်စုံ

ငါးဖျံငါးလေးများကို ဒေသတွင်း အစားအစာအနေဖြင့် ဒေသခံများ အထူးနှစ်ခြိုက်ကြပါသည်။လူကြိုက်များသည့် ငါးဖျံငါးလေးအိုးကပ်ဟင်းတွင် ပင်စိမ်းလေးဖြူးပြီး ချက်ပါက လျှာရင်းမြက်စေမည့် အရသာထူးဖွယ် ငါးလေးဟင်းတမည်ကို ရရှိပေမည်။

ထိုသာမက ငါးဖျံငါးကို အခြောက်လှမ်းပြီး ကြော်စားခြင်း၊ မီးဖုတ်စားခြင်းသည်လည်း အရသာအလွန်ချိုပါသည်။ ထူးခြားချက်မှာ ငါးဖျံလေးများသည် ရွှံ့စေးမြေ၏ အဆီအနှစ်ကို စားသုံးကြသောကြောင့် ၎င်း၏ အဆီမှာ အကြောအားတိုးစေသည်ဟု သိရပါသည်။ ငါးဖျံလေးများသည် ၎င်းတို့၏ အစာအဖြစ် ရွှံ့စေးမြေ၏အဆီနှစ်ကို အဓိကစားကြပြီး ပုစွန်ငယ်၊ အင်းဆက်နှင့် တီကောင်တို့ကိုလည်း စားလေ့ရှိကြပါသည်။

ငါးဖမ်းကိရိယာမပါဘဲ လက်၏ ကျွမ်းကျင်မှုဖြင့် ဖမ်း၍ရပြီး ဒေသ၏ အားထားရသည့် လူကြိုက်များသော ငါးတစ်မျိုးဖြစ်သောကြောင့် ရွှံ့စေးမြေရှိနေသရွေ့ ငါးဖျံငါးလေးများမှာလည်း ဒေသတွင်း ပေါများနေဦးမည်ဖြစ်ပါသည်။

## ငါးဖျံမှပေးသော အာဟာရဓာတ်

ငါးဖျံငါးအပါအဝင် ငါးစားခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကောင်းကျိုးများစွာ ရရှိစေပါသည်။။။ သို့သော် ငါးဖျံငါးတွင်ပါဝင်သော အာဟာရဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အကြောင်းကိုမူ စုံစုံလင်လင်သိရှိသူနည်းပါသည်။ငါးဖျံငါးတွင် အသားဓာတ်(ပရိုတင်းဓာတ်)များ ပါဝင်သည့်အပြင်omega 3 fatty acids ဟုခေါ်သည့် ငါးကြီးဆီဓာတ်များလည်း အပြည့်အဝပါဝင်နေသောကြောင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ပါသည်။ ငါးဖျံငါးမှပေးသော အာဟာရဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များမှာ-

(၁) Omega-3 fatty acid ကြွယ်ဝစွာပါရှိခြင်း

အိုမီဂါသရီးဖက်တီအက်ဆစ်သည် နှလုံးသွေးကြောကျန်းမာရေးအတွက် အထူးကောင်းမွန်ပါသည်။ အိုမီဂါသရီးဖက်တီအက်ဆစ်သည် နှလုံးသွေးကြောကျဉ်းခြင်းနှင့် နှလုံးရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ သွေးတွင်းမကောင်းသောအဆီများကို ဖယ်ရှားပေးနိုင်ပြီး ကောင်းသော အဆီဓာတ်ကို များပြားလာစေခြင်း၊ သွေးပေါင်ထိန်းပေးနိုင်ခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများကို ရရှိစေနိုင်ပါသည်။ ထို့အပြင် အိုမီဂါသရီးသည် ဦးနှောက်ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေပါသည်။

(၂)ဗီတာမင် A ကြွယ်ဝခြင်း

အဆီများသောငါးဖျံငါးကို များများစားပေးမည်ဆိုလျှင် ဗီတာမင် A ကို ရရှိစေနိုင်ပါသည်။ ဗီတာမင် A သည် အမြင်အာရုံကောင်းမွန်စေခြင်း၊ မျက်စိရောဂါများဖြစ်လာနိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ အရိုးနှင့် သွားများ ကြီးထွားသန်မာလာစေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိလာစေမှာဖြစ်ပါသည်။

(၃) ဗီတာမင် B-complex ကြွယ်ဝခြင်း

ငါးဖျံငါးများတွင် နောက်ထပ်ပါဝင်သော ဗီတာမင်ဓာတ်များမှာ ဗီတာမင် B1, B2, B6, B12 စသည်တို့ဖြစ်ပါသည်။ ဗီတာမင် B-complex သည် ဦးနှောက်နှင့် အာရုံကြောစနစ်ကောင်းမွန်စေရန်အတွက် အထောက်အကူဖြစ်စေပါသည်။

(၄) ဗီတာမင်-D ကြွယ်ဝခြင်း

ငါးဖျံငါးတွင် အရိုးနှင့် သွားကျန်းမာရေးအတွက် ကောင်းမွန်စေသော ဗီတာမင် D လည်းများစွာ ပါဝင်နေပါသည်။ ဗီတာမင် D သည် ကိုယ်ခံအားစနစ်မြင့်တက်စေဖို့လည်း ကူညီပေးနိုင်ပါသည်။

(၅) ကယ်လ်စီယမ် ကြွယ်ဝခြင်း

ဗီတာမင် D အပြင် အရိုးကျန်းမာဖွံ့ဖြိုးရေးအတွက်လိုအပ်သော ကယ်လ်စီယမ်ဓာတ်သည်လည်း ငါးဖျံများတွင် ပါရှိပါသည်။

(၆) မဂ္ဂနီဆီယမ် ကြွယ်ဝခြင်း

ငါးဖျံငါးတွင် ပါဝင်သောမဂ္ဂနီဆီယမ်ဓာတ်သည် နှလုံးနှင့် ကြွက်သား ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေခြင်း၊ ဆီးချိုရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်းစသည့် ကောင်းကျိုးများစွာကို ရရှိစေနိုင်ပါသည်။

(၇) ဇင့်ဓာတ် ကြွယ်ဝခြင်း

ငါးဖျံငါးတွင် ခန္ဓာကိုယ်တွင်းဆဲလ်များ ကြီးထွားဖွံ့ဖြိုးစေရန်နှင့် ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်သော ဇင့်ဓာတ်လည်း ပါရှိပါသည်။

(၈) သံဓာတ်ကြွယ်ဝခြင်း

ငါးဖျံငါးတွင် သံဓာတ်ပါဝင်သောကြောင့် သံဓာတ်ချို့တဲ့ပြီး သွေးအားနည်းခြင်းကင်းဝေးစေဖို့ ငါးဖျံအပါအဝင် ငါးများများစားသုံးပေးသင့်ပါသည်။ငါးများများစားသုံးခြင်းဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာရရှိစေနိုင်သောကြောင့် တစ်ပတ်လျှင်အနည်းဆုံး ၃ကြိမ်ခန့် ငါးကို စားသုံးပေးသင့်ပါသည်။ ငါးဖျံအပါအဝင် ငါးတော်တော်များများတွင် အသားများစားသကဲ့သို့ ပရိုတင်းဓာတ်ရရှိစေသည့်အပြင် ငါးကြီး ဆီလည်း ပါဝင်နေတာကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိစေမှာဘဲဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်- ကုန်းနေရေနေ ငါးဖျံငါးသည် သဘာဝအားဖြင့် ထူးခြားလှသည့်အပြင် ကျန်းမာရေးအတွက်လည်း အကျိုးကျေးဇူးများစွာရရှိနိုင်သောကြောင့် စားပေးသင့်သည့် ငါးတစ်မျိုးဖြစ်ပါကြောင်း မျှဝေပေးလိုက်ပါသည်။ **ပင်လယ်ပြာ(ငါးဦးစီး)**



### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စက်မှုလယ်ယာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အတွက် လယ်ယာသုံးစက်ကိရိယာများ၊ မြေယာပြုပြင်ခြင်းလုပ်ငန်းသုံးယန္တရားများ၊ တာယာ၊ ဘက်ထရီ၊ စက်ဆီ/ချောဆီများနှင့် ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများအား မြန်မာကျပ် ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် ( ၂- ၄ -၂၀၂၆) ရက်မှ ( ၂၄ - ၄ -၂၀၂၆) ရက်နေ့ ( ၁၄ : ၀၀ )နာရီထိ ၊

၃။ တင်ဒါပိတ်ရက် ( ၂၄ - ၄ -၂၀၂၆ )ရက်နေ့၊ ( ၁၄ : ၀၀ )နာရီ ၊

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေငြာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စက်မှုလယ်ယာဦးစီးဌာန ၊ ရုံးအမှတ် (၅၀) ၊ နေပြည်တော်တွင် ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၃၁၂၁၅ ၊ ၀၆၇-၃၄၃၁၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၄၅)

## ဆစ်ဒနီတက္ကသိုလ်ရှိ စိုက်ပျိုးရေး၊ အပင်သိပ္ပံပညာ စာတွေ့၊ လက်တွေ့အတွေ့အကြုံများ

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

(ယခင်အပတ်မှအဆက်)

### Plant Science, Agriculture Theory and Practical Experience at Sydney

ဩစတေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေး နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်း သည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေး (HE- Higher Education/Tertiary Education) နှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်း ပညာရေး (TVET-Technical & Vocational Education and Training) တို့ နှစ်စဉ် တိုးတက်ပြောင်းလဲလာမှုအပေါ်မူ တည်ပါသည်။ ပါမောက္ခဒင်နီယယ်တန် (Professor Daniel Tan) ၏ ဖိတ်ကြားမှုကြောင့် စာရေးသူ ဆစ်ဒနီတက္ကသိုလ် ခေတ္တရောက်ရှိနေစဉ် စိုက်ပျိုးရေးပညာ သင်ကြား၊ သုတေသန (Australian Agricultural Research and Education) ပြုနေမှုများကို အမိနိုင်ငံ အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

ဆစ်ဒနီတက္ကသိုလ်ရောက်ရှိပြီးနောက်စာရေးသူအနေနှင့် စိုက်ပျိုးရေး ကျောင်းသားများ တက်ရောက်သင်ကြားနေသော ဘာသာရပ် တစ်ချို့ စာတွေ့၊ လက်တွေ့ သင်ကြားနေပုံများကို တစ်စေ့တစ်စောင်း လေ့လာကြည့်ခဲ့မိပါသည်။

ပထမဆုံးအနေနှင့် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်ရေး စာတွေ့၊ လက်တွေ့ သင်ကြားပုံ ကို ဆွေးနွေးပါမည်။

#### (က) ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်ရေး

(HORT 3005 Production Horticulture and AFNR5210 Sustainable Horticultural Cropping)

- ဘွဲ့ကြိုကျောင်းသား/သူများ အတွက်ကုဒ် (HORT 3005 Production Horticulture တတိယနှစ် ဥယျာဉ်ခြံ သီးနှံများထုတ်လုပ်ခြင်း-၃၀၀၅)
- ဘွဲ့လွန်ကျောင်းသား/သူများ အတွက်ကုဒ် (Agriculture, Food and Natural Resources - AFNR5210 Sustainable Horticultural Cropping ရေရှည်တည်တံ့ စေသောဥယျာဉ်ခြံသီးနှံများစိုက်ပျိုးခြင်း)

၂၀၂၆-ခုနှစ် စာသင်နှစ် ပထမနှစ်ဝက်ကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် စတင် စာသင်ကြား သော်လည်း ကျောင်းသား၊ ကျောင်းသူများက တစ်ပတ် ကြိုတင်၍ သင်ခန်းစာ အစီအစဉ်များကို ကြိုတင်လေ့လာ၍ရရှိနေပါသည်။ (ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများနှင့် မဟာသိပ္ပံဘွဲ့လွန် သင်တန်းသား/သူများ ရောနှောသင်ကြားပေးပါသည်)

သင်ခန်းစာအနှစ်ချုပ် (Course Outline) အရ စာသင်ရက် ၁၃-ပတ်ရှိပြီး အပတ်စဉ် တနင်္လာနေ့ မနက် ၁၀ နာရီမှ ၁၂ နာရီအထိ စာတွေ့ရှိပါသည်။




စာရေးသူအတွက် လျှို့ဝှက်နံပါတ်ရိုက်ပြီးမှဝင်ရသည့် ၂ ဘာသာမှ အချိန်စာရင်း

ဤဘာသာရပ်ကို အပိုင်း-၃ ပိုင်းခွဲသင်ကြားပါသည် - (က-၁) စပျစ်နှင့်သစ်သီးဝလံစိုက်ခင်းများ သိပ္ပံနည်းကျလေ့လာခြင်း (An Introduction to the scientific basic for the management of established orchards and vineyards)

(က-၂) ဟင်းသီးဟင်းရွက်သီးနှံများ သိပ္ပံနည်းကျလေ့လာခြင်း (An Introduction to the scientific basic for the sustainable production of vegetable crops) နှင့်

(က-၃) ဥယျာဉ်ခြံသီးနှံများရိတ်သိမ်းချိန်လွန်နည်းပညာမိတ်ဆက် (An Introduction to Horticultural Postharvest Issues) တို့ဖြစ်ပါသည်။

ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား/သူများ ရောနှောသင်ပေးပြီး အပိုင်း ၃-ပိုင်း (Three Modules) ကိုဆရာ ၃-ဦးက ခွဲဝေသင်ပေးမည်ဖြစ်ပါသည်၊ (မှတ်ချက် - ကွင်းစလန်တက္ကသိုလ်တွင် (University of Queensland) စာရေးသူတို့ မဟာသိပ္ပံကျောင်းသား ဘဝကလည်း တစ်ချို့ ဘွဲ့ကြို ဘာသာရပ်များကို လိုအပ်ချက် အရ တချို့ဘွဲ့ကြိုဘာသာရပ်များ တက်ခဲ့ရတာတွေလည်းရှိပါ သည်၊ ထူးခြားတာက စိုက်ပျိုးရေးဘွဲ့ရမှ မဟုတ်ဘဲ ကျန် အင်ဂျင်နီယာ၊ စီးပွားရေး၊ သိပ္ပံဘွဲ့ရများပါ မည်သည့် ဘွဲ့ရမဆို ဘာသာရပ်နှင့်ဆက်စပ်နေသူများဆိုပါက ပူးတွဲ တက်ရောက် နေခြင်းပါ၊ အသက်ကန့်သတ်ချက်မရှိပါ။ မြန်မာနိုင်ငံတွင်စိုက်ပျိုးရေးဘွဲ့ရမှ မဟာစိုက်ပျိုးရေးသိပ္ပံ တက်ရောက်ရမည်ဆိုသည့် ကန့်သတ်ချက်နှင့် ကွာခြားသွားပါပြီ၊ ယခု ဥယျာဉ်ခြံသီးနှံ ဘွဲ့ကြိုဘာသာရပ်ဆိုလျှင်လည်း၊ စာရေးသူ စိုက်ပျိုးရေးဘွဲ့ရပင်လျှင် မသိသေးသည့် ပညာများ ပါဝင်နေ၍ ဘွဲ့ကြို ဘာသာများ ပြန်တက်ရောက်ရခြင်းက အကျိုးရှိပါသည်။)

ဤဘာသာရပ်ကို စာတွေ့ (Theory Class) က တပတ်တစ်ရက် ၂ နာရီ (ခေါင်းစဉ် ၂ ခု Two Lectures) ဆက်တိုက် သင်ပြီး၊ လက်တွေ့နှင့် လေ့လာရေးခရီးများ (Practicals and Study Tours/Excursions ) က တစ်ပတ် ၃ နာရီ မှ ၄ နာရီ သင်ကြား၊ ဆောင်ရွက် ပါသည်။

#### (၁) စစ်ဆေးမှုစနစ်များ (Assessment)

စာသင်နှစ်ဝက် နောက်ဆုံးစာမေးပွဲ ၂ နာရီ (One two-hours Final exam) ရေးဖြေ ဖြေဆိုရပါမည် (စုစုပေါင်းအမှတ်၏ ၅၀ ရာခိုင်နှုန်းပေးပါသည်) လက်တွေ့ရေးသားတင်ပြချက် (Assignments) ၃ခု (စုစုပေါင်းအမှတ်၏ ၄၅ ရာခိုင်နှုန်း) နှင့် ဘာသာရပ်အပေါ် အကြံပြုချက်လုပ်ငန်း (Feedback task) ၅ ရာခိုင်နှုန်း အပါအဝင် စုစုပေါင်း ၁၀၀ ရာခိုင်နှုန်းဖြစ်ပါသည်။ တစ်ရက်နောက်ကျပါက ၅ ရာခိုင်နှုန်း အမှတ်ဖြတ်ပါမည်ဟု ဖော်ပြထားပါသည်။

ကျောင်းတက်ရောက်ချိန် (Attendance) အနည်းဆုံး ၈၀ ရာခိုင်နှုန်း ရှိရပါမည် (မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ၇၅ ရာခိုင်နှုန်းထက်ပိုပါသည်။)

#### (၂) လက်တွေ့အလုပ်တာဝန်များ (Assignments)

(က) တစ်ဦးချင်းရေးသားတင်ပြရသည့် အလုပ်များ (Individual Assignments) ဥပမာ - ဝိုင်အမျိုးမျိုးကို တစ်ဦးချင်းစမ်းသပ်သောက်သုံး၍ မိမိ၏ထင်မြင်ယူဆချက်ကို ရေးသား တင်ပြပါ၊

(ခ) အုပ်စုလိုက်ဟောပြောရသည့် အလုပ်များ (Group Presentation Assignments) ဥပမာ ၅ ဦး တစ်ဖွဲ့ဖွဲ့၍ စပျစ်ခင်း စီမံခန့်ခွဲရေးနှင့်ဈေးကွက် စီမံချက် (The Vineyard Management and Marketing Plan) ကို သတ်မှတ်ရက် ရောက်လျှင် ဆွေးနွေးတင်ပြပါ၊ စသည်တို့ဖြစ်ပါသည်။

မှီငြမ်းစာအုပ် (Reference Book) – Baxter, P. (1997) Growing Fruits in Australia. MicMillan Australia.

(စာရေးသူက ဧည့်ပါမောက္ခအနေနဲ့ သူတို့စာကြည့်တိုက် (e-Library) ကိုအသုံးပြုခွင့် ရပါ သည်၊ ထိုမှီငြမ်းစာအုပ်ကို e-Book အနေနှင့် ရှာဖွေကြည့်ရာ (Search) မရှိဘဲ ပုံနှိပ်စာအုပ် (Printed Book) သာရှိနေသည်ကို တွေ့ရှိရပါသည်။ ၁၉၈၇ ခုနှစ် ကွင်းစလန်တက္ကသိုလ် စာရေးသူ

စာ-၁၁ သို့

စာ-၁၀ မှ

မဟာစိုက်ပျိုးရေးသိပ္ပံကျောင်းသား ဘဝက အပင်ဇီဝ ကမ္မ ဗေဒပြဋ္ဌာန်း စာအုပ် (Plant Physiology Text Book) ကို ပထမဦးဆုံး စာသင်မှု အပြီး တက္ကသိုလ်ဇီဝသိပ္ပံစာကြည့်တိုက် (Biological Science Library) ကို သွားရောက် ငှားရမ်းရာ စာရေးသူအရင် ကျောင်းသား ၄ ဦးက ငှားရမ်းရန် ကြိုတင်စာရင်း သွင်းထားသဖြင့် တစ်ဦးတစ်ကြိမ်ငှား တစ်ပတ်နှုန်းဖြင့် ၄ ပတ်မြောက် (တစ်လအကြာမှ) မိမိ အလှည့် ကျရောက်ခဲ့သည်ကို ပြန်လည် သတိရနေမိပါသည်။ အောက်ပါ စာအုပ် ၂-အုပ်ကို ဝယ်ယူလိုက်ပါသည်။ (သူတို့ ပညာသင်ဆုငွေ၊ စာအုပ်တန်ဖိုးသီးသန့်ပေးငွေ အရဈေးမကြီးပါ)၊

1. Doley, David and Rimmington, G.M. (1986) Modelling Plant Growth and Development. Academic Press. (29 Aus. $)
2. Milthorpe, F.L. and Moorby, J. (1980) An Introduction to Crop Physiology. Cambridge University Press (37 Aus. $)

ထိုစာအုပ် ၂-အုပ်မှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်သို့ လှူဒါန်းထား ခဲ့ပါသည်။ ယနေ့ခေတ်တွင်တော့ စာအုပ် အသစ်များ စွာ ထွက်နေပါပြီ။

## (၃) စာသင်နည်းစနစ်များ (Teaching Methods)

စာသင်ခန်းမထဲမှာသင်သလို မိမိနေရာမှ Online ဖြင့် တက်ရောက်နိုင်သောစနစ်ဖြစ်ပါသည်၊ စာသင်သော လင့်များမှာ ကြိုတင်ပေးထားပြီး အင်တာနက်နှင့်လည်းချိတ်ဆက်ထားသဖြင့် YouTube နှင့်အခြား ဗီဒီယို (Video) များ လွယ်ကူစွာ ပြသရှင်းလင်းနိုင်ပါသည်။

(ပုံတွင် စာရေးသူအပါအဝင် ကျောင်းသား/သူ ၃-ဦး Online မှတက်ရောက်နေ ပါသည်။)

မြန်မာနိုင်ငံတွင် ပြည်တွင်း၊ ပြည်ပမဟာစိုက်ပျိုးရေးသိပ္ပံနှင့်ပါရဂူဘွဲ့ရသူ အစိုးရဝန်ထမ်း မဟုတ်သူ၊ အငြိမ်းစားပညာရှင်ကြီးများအပါအဝင် ဝန်ထမ်းလောက ပြင်ပတွင်ရှိနေသူ များစွာရှိပါသည်။

သီးနှံအလိုက် ဥပမာ စပါး၊ မြေပဲ၊ ဝါ၊ ပဲတီစိမ်း၊ အာလူး၊ သရက်၊




ခရမ်းချဥ်သီးမျိုးစပ်မွေးမြူပုံလက်တွေ့ပြသပုံ

ထောပတ်သီး၊ နှင်းဆီပန်း၊ ဘာသာရပ် အလိုက် - ဥပမာ - အပင်မျိုးမွေးမြူ (Plant Breeding)၊ အပင်ဇီဝကမ္မဗေဒ (Plant Physiology)၊ မြေဆီလွှာ (Soil)၊ အပင်ကာကွယ်ရေး (Plant Protection)၊ စိုက်ပျိုးစီးပွားရေးပညာ (Agricultural Economics) စသည်ဖြင့် အုပ်စုလိုက် ဝန်ထမ်း၊ ပုဂ္ဂလိက၊ လက်ရှိလုပ်နေသူ၊ အငြိမ်းစားလူကြီးများဟူ၍ မခွဲဘဲ အပတ်စဉ်အစည်းအဝေးမှ ပြုလုပ်သော Online Zoom Meeting လေးများပြုလုပ်ပြီး စုစည်းအကြံဉာဏ် ယူကြပါက တစ်ခုခုများထူးခြားသွားမလားလို့ တွေးနေမိပါသည်။

ဒေါက်တာမျိုးကြွယ်

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စက်မှုလယ်ယာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ "အထွေထွေပိုလျှံရန်ပုံငွေ" (GRF) ဖြင့် ကချင် ပြည်နယ်အတွင်း ဆောင်ရွက်လိုသည့် Quick Win လုပ်ငန်းများအတွက် လိုအပ်သည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် (၂ - ၄ -၂၀၂၆) ရက်မှ (၂၁ - ၄ -၂၀၂၆) ရက်နေ့ ( ၁၆ : ၀၀ )နာရီထိ ၊

၃။ တင်ဒါပိတ်ရက် (၂၁ - ၄ -၂၀၂၆ )ရက်နေ့၊ ( ၁၆ : ၀၀ )နာရီ ၊

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေငြာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၃၁၂၁၅ ၊ ၀၆၇-၃၄၃၁၂၄၂ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
စက်မှုလယ်ယာဦးစီးဌာန

စာ-၁၃ မှ

ကျပ်မှ ၁၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် နေသည်။

အာလူးဈေးနှုန်းအနေဖြင့် အောင်ပန်းအာလူးများ အဝင်များလာခြင်းကြောင့် အိုကေတစ်ပိဿာ ၃၂၀၀မှ ၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး အေဝမ်းတစ်ပိဿာ ၂၈၀၀ ကျပ်၊ ဆွဲတစ်ပိဿာ ၂၅၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

### သစ်သီးဝလံနှင့် ဟင်းသီး/ရွက်ဈေးကွက်

မန္တလေးဈေးကွက်တွင် သစ်သီးဝလံဈေးနှုန်းမှာ ဖရဲသီးဈေးနှုန်းမှာ ချောင်းဦး၊ သဲတော၊ ဝမ်းတွင်း၊ ပုသိမ်ကြီး၊ တံတားဦးတို့မှ လှိုင်လှိုင်ဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၅၀၀ကျပ်မှ ၆၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ဝမ်းတွင်း၊ ကျောက်ဆည်၊ နွားထိုးကြီးတို့မှ သခွားမွှေး၊ ရွှေသခွားမွှေးများလည်း အဝင်များပြီး အရည်အသွေးအမျိုးမျိုးဖြင့် တစ်လုံး ၁၀၀၀ကျပ်မှ ၁၅၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ သီပေါ၊ တန့်ယန်းတို့မှ နာနတ်သီးများ လှိုင်လှိုင်ဝင်ရောက်မှုရှိပြီး အရည်အသွေးပေါ် မူတည်၍ တစ်လုံး ၈၀၀ကျပ်မှ ၃၀၀၀ကျပ်၊ ရှာငံမှ ထောပတ်သီး အရည်သွေးကောင်း ၁၂၀လုံးပါ တစ်အိတ် ၁၅၀၀၀၀ကျပ်၊ ပြင်ဦးလွင်၊ တောင်ကြီးတို့မှ စတော်ဘယ်ရီ ၅ပိဿာဝင် တစ်ဖာလျှင် ၄၀၀၀၀ကျပ်၊ ရမည်းသင်း စပျစ်သီး တစ်ပိဿာ ၁၅၀၀၀ကျပ်၊ သဘော်သီးတစ်လုံး ၃၀၀၀ကျပ်ဖြင့် မိုးကုတ်၊ ကြပ်ပြင်၊ ကသာ၊ ထီးချိုင့်၊ မြစ်ကြီးနား စသော အမှာရှိသော မြို့များသို့ တင်ပို့သည်။

ဟင်းသီး/ရွက်ဈေးနှုန်းအနေဖြင့် ခရမ်းချဉ်(ရှမ်းတောင်) မဝင်သေးဘဲ မုံရွာ တရုတ်(တိုင်ပေ)များသာ ဝင်ရောက်ပြီး ၂၀ ပိဿာ တစ်သေတ္တာ ၅၀၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးဝယ်ယူမှုသာရှိသည်။ ငရုတ်စို (ရှည်နှင့်လတ်) မှာ မုံရွာ၊ ချောင်းဦးမှ ဝင်ရောက်ပြီး ငရုတ်စို (ရှည်) တစ်ပိဿာ ၄၀၀၀ကျပ်၊ ငရုတ်စို (လတ်) တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် ငပိထောင်း၊ လက်ဖက်သမား အဝယ်သာရှိသည်။ အောင်ပန်း၊ ပြင်ဦးလွင်ဘက်မှ ပန်းမုံလာပွင့် တစ်ပွင့် ၁၀၀၀ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၁၅၀၀ကျပ်၊ ဂေါ်ရခါးသီး ၁လုံး ၃၀၀ကျပ်၊ မုံလာဥနီ တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် လက်လီဆိုင်များနှင့် စားသောက်ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။

ခင်မေကြည်

စာ- ၁၂ မှ-

၆၆၀၀ ကျပ်ဖြစ်သည်။ ယခင် အပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၂၅ ကျပ်နှုန်းဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ် ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းရောင်းချပေးလျက်ရှိသည်။ သင်္ကြန်ကာလနှင့် အလှူပွဲများအတွက်လည်း ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်းသိရသည်။

အေးသန္တာဝင်း

Agribiz News www.agribiznews.com.mm စိုက်ပျိုးရေးသတင်း




၂၆-၃-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၈၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၇၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း ဆန်ဟောင်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၀၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၅၀၀၀ ဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း ဆန်သစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၁၅၀၀၀ ဖြင့်လည်းကောင်း၊ ဧည့်ယာဆန်အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၄၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ကြမ်း ၁၅ ရာခိုင်နှုန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၂၀၀၀ကျပ်နှုန်း နှင့်အောက်စတစ်အိတ်လျှင် ၅၁၅၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန်အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်အပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဧည့်ယာဆန်အမျိုးအစားမှလွဲ၍ ဆန်ချော၊ ဆန်ကြမ်းများ အားလုံးအနည်း ငယ်စီဈေးမြင့်လာခဲ့ကြောင်းသိရသည်။ ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ ဈေးမြင့်လာခြင်းနှင့်အတူ မြန်မာပြည်တွင်း၌လည်း လောင်စာဆီအခက်အခဲများကြောင့် ထုတ်လုပ်မှုသယ်ယူ ပို့ဆောင်စရိတ်များ ဈေးမြင့်လာခဲ့သည်။ ထို့ကြောင့် ပြည်တွင်းစားသုံးမှုများသော ဆန်ချော၊ ဆန်ကြမ်းများအားလုံး ယခင်အပတ်ထက် ဆန်တစ်အိတ်လျှင် ၅၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်ခန့်အထိ ဈေးမြင့်လာခဲ့သည်။ ရွှေဘိုပေါ်ဆန်း အောက်စမှာ ဈေးနှုန်း ပြောင်းလဲမှုမရှိခဲ့သော်လည်း အလတ်စမှာ ဆန်တစ်အိတ်လျှင် ၁၅၀၀၀ ကျပ်ခန့်ဈေးမြင့်ခဲ့သည်။ ဖျာပုံ ပေါ်ဆန်းမှာ ဆန်သစ် အရည်အသွေးခြောက်သွေ့ ကောင်းမွန်လာခြင်းနှင့်စားသုံးသူများက ပိုမိုဝယ်ယူမှုရှိခြင်းကြောင့် ဆန်တစ်အိတ်လျှင် ၅၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်ခဲ့သည်။ ဧည့်မထဆန်ကြမ်း ၁၅ ရာခိုင်နှုန်းနှင့် ငစိန်ဆန်များမှာ ဆန်တစ်အိတ်လျှင် ၅၀၀ ကျပ်ခန့်ဈေးမြင့်ခဲ့သည်။ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်နေသော ကမ္ဘာအနှံ့မှ စက်သုံးဆီ အခက်အခဲများနည်းတူ မြန်မာပြည်တွင်း၌လည်း နွေစပါးရိတ်သိမ်းချိန် စက်သုံးဆီ လိုသလောက် ဝယ်ယူရရှိရန် ခက်ခဲလျက်ရှိသည်။ တောင်သူများမှာ ရိတ်သိမ်းဆဲ စပါးများ ပျက်စီးမည်ကို စိုးရိမ်ခြင်းကြောင့် စက်သုံးဆီများအား ဈေးကြီးပေးကာ ဝယ်ယူရိတ်သိမ်းမှုများလည်းရှိခဲ့သည်။ ယခုကဲ့သို့ စက်သုံးဆီရရှိရန် ခက်ခဲခြင်းကြောင့် မိုးစပါးစိုက်ပျိုးချိန်တွင်လည်း စိုက်ပျိုးထုတ်လုပ်မှုများ လျော့ကျနိုင်ကြောင်း ခန့်မှန်းမှုများလည်းရှိသည်။ ပြည်ပပို့ဆန်ဈေးကွက်တွင်လည်း ကမ္ဘာ့ရေနံဈေးမြင့်တက်နေခြင်း၊ နိုင်ငံတကာ ရွှေဈေးမတည်ငြိမ်ခြင်း၊ ပြည်ပငွေလဲနှုန်းများ လှုပ်ခတ်မှုများနေခြင်းတို့ကြောင့် ကုန်သည်ဝယ်လက်များမှ စောင့်ကြည့်မှုများရှိကာ အရောင်းအဝယ်အေးလျက် ရှိကြောင်း သိရသည်။ ရန်ကုန် ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊လပွတ္တာဒေသများမှ ဆန်ဝင်ရောက်မှု ရှိခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ သွင်းကုန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့ နိုင်သော ကာလ တိုတောင်းခြင်း၊ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်လာခြင်း၊ ထိုင်းနိုင်ငံသို့ တင်ပို့မည့် ပြောင်းများ အတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်များ စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းများအား ပုံမှန်တင်ပို့မှုများရှိလာခဲ့ခြင်းဖြစ်သည်။ အစေ့ထုတ်ပြောင်းများအား ကုန်သည်ဝယ်လက်များက ဈေးမြှင့်ပေးကာ ဝယ်ယူမှုများရှိလာခဲ့ခြင်းကြောင့် အစေ့ထုတ်ပြောင်း ဈေးနှုန်းများ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင် အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၈၂၀၈၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၄၂၄၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ကြက်သွန်နီ(ထူး၊လတ်၊ သေး) ဈေးနှုန်းများမှာ ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊ မုံရွာ၊ တောင်တွင်း၊ မင်းလှ၊ မင်းဘူး၊ အောင်လံ၊ ပခုက္ကူ၊ မိတ္ထီလာ၊ မြစ်သား၊ ကျောက်ဆည်စသော ဒေသများမှ ကုန်အဝင် ပုံမှန်ရှိသော်လည်း သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်လာခြင်း၊ သင်္ကြန်ကာလနီးလာခြင်းကြောင့် စားသုံးသူများမှ ပိုမိုဝယ်ယူမှုရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ကြက်သွန်နီ (ထူး၊လတ်၊သေး)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၀၇၅-၂၀၀၀-၁၃၂၅ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၂၃၀၀-၂၁၅၀-၁၅၂၅ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ကြက် သွန်ဖြူ(ရှမ်း)မှာ ဈေးကွက်သို့ ကုန်အဝင်ပိုလာချိန်ဖြစ်ခြင်း၊ ဗမာကြက်သွန်ဖြူများလည်း အသစ်ပေါ်ချိန်ဖြစ်ခြင်း၊ ဈေးကွက်အတွင်း ကုန်အဝင်လှိုင်ချိန်တွင် စားသုံးသူများမှ ပုံမှန်ဝယ်ယူမှုသာရှိခြင်းကြောင့် ကြက်သွန်ဖြူ (ရှမ်း)များ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ်နှင့် ယခုအပတ်ဈေးနှုန်းမှာ ၆၅၀၀ ကျပ်ဖြစ်သည်။ ကြက်သွန် ဖြူ(ကြူကုတ်)မှာ တင်သွင်းဈေးမြင့်ခြင်းနှင့် ကုန်အဝင်နည်းခြင်းကြောင့်ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၁၈၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၄၅၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ငရုတ်ခြောက်(ရှည်နှင့်လတ်)မှာ ဈေးကွက်သို့ ကုန်အဝင်ပို လာချိန်ဖြစ်ခြင်း, အအေးခန်း လှောင်စများဖြစ်၍ အရည်အသွေးကောင်းခြင်း၊ရာသီပူလာချိန်ဖြစ်ခြင်း ကြောင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်လာခဲ့သည်။ ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီ အအေးခန်းလှောင်ငရုတ်များဈေးကွက်သို့ ကုန်အဝင်ရှိပြီး ငရုတ်ခြောက်(လတ်)မှာ ဟသ်ာတမိုးထောင်တစ်မျိုးသာ ကုန်ဝင်ရောက်မှုရှိခဲ့သည်။ ငရုတ်ခြောက်(ပွ)မှာ ဆက၊ ဆင်ဖြူကျွန်းပုနှင့် မြစ်ဝ ပုငရုတ်များ အဝင်ပုံမှန်ရှိခြင်း၊ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်း တို့ကြောင့် ယခင်အပတ်ဈေးနှုန်း များဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ငရုတ်ခြောက်(ရှည်၊လတ်၊ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၅၇၅၀-၁၅၂၅၀-၂၂၀၀၀ ကျပ်ဖြစ်သည်။ အာလူးဈေးနှုန်းများမှာ ကုန်အဝင်ပုံမှန်ရှိသော်လည်း ရောင်းလိုအားများခြင်းကြောင့် (အက်စ်ဝမ်းနှင့် အိုကေ၊ )အာလူးများမှာ အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ အာလူး(အေဝမ်း)မှာ ရောင်းလိုအား၊ ဝယ်လိုအား မျှနေခြင်းကြောင့် ဈေးငြိမ်လျက်ရှိသည်။ အာလူး (အက်စ်ဝမ်းနှင့် အိုကေ၊ အေဝမ်း)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၀၀၀-၃၃၀၀-၂၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၈၀၀-၂၈၀၀-၂၅၀၀ကျပ် ဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်တင်ပို့သော အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် ဇန်နဝါရီမှ မတ် အထိ ကာလသည် စားအုန်းဆီထုတ်လုပ်မှုလျော့ကျသောကာလဖြစ်ခြင်း၊ စားအုန်းဆီ အများဆုံးထုတ်လုပ်သော အင်ဒိုနီးရှားနိုင်ငံတွင်လည်း စားအုန်းဆီပို့ကုန်အပေါ် အခွန်ကောက်ခံရာတွင် မတ် ၁ ရက်နေ့မှစတင်ကာ လက်ရှိအခွန်ရာခိုင်နှုန်းထက် ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ပြီး ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ကောက်ခံရန် အတည်ပြုထားပြီးဖြစ်ခြင်း၊ အရှေ့အလယ်ပိုင်းပဋိပက္ခများ ဖြစ်ပွားလာခြင်းကြောင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်နေခြင်း၊ နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းများတွင် လောင်စာဆီ အကျပ်အတည်းများအပေါ် စိုးရိမ်မှုများ မြင့်တက်နေချိန်ဖြစ်ခြင်း စသည့်အခြေအနေ များကြောင့် စားအုန်းဆီတင်သွင်းရသော ဈေးနှုန်းများအား ထပ်မံမြင့်တက်စေခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်း များအပေါ်အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၆ ခုနှစ်၊ မတ် ၂၀ ရက်မှ ၂၆ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန် အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်

စာ-၁၁ သို့

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၆-၃-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်နှင့်ဆီဈေးကွက်

မန္တလေးဈေးကွက်တွင် ဆန်ဈေးနှုန်းအနေဖြင့် ရန်ကုန်ပေါ်ဆန်း အဝင်ပုံမှန် မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရွှေဘိုပေါ်ဆန်းမှာ ရွှေဘိုဒေသတစ်ခု ထဲသာ ဝင်ရောက်ပြီး မြို့တွင်းစားသုံးမှုပုံမှန် အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။မနောသုခဆန်မှာ အသစ်အဝင်နည်းခြင်း၊ မြို့တွင်းစားသုံးမှုများခြင်း၊ အလှူပွဲများ ပေါ်များခြင်းကြောင့် ဝယ်ယူမှုများခြင်းကြောင့် ၁ တင်းခွဲ တစ်အိတ် ၆၅၀၀၀ကျပ်မှ ၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ဇီယာနှင့်ငစိန်ဆန်တို့အနက် ဇီယာဆန်မှာ မြို့တွင်းစားသုံးမှုပုံမှန် အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငစိန်ဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ မုန့်လုပ်ငန်းသမားများ အဝယ် များခြင်းကြောင့် တစ်အိတ် ၅၅၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ရောမင်းဆန်မှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်၊ အလှူပွဲများရှိသဖြင့် အနီးဝန်းကျင်မြို့များမှ ဝယ် ယူမှုရှိခြင်းကြောင့် တစ်အိတ် ၁၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဆီဈေးနှုန်းအနေဖြင့် မြေပဲ(လုံးဆန်/ဆီဆန်) ဈေးမြင့်သဖြင့် အမြင့်ဈေးဖြင့် ကြိတ်ခွဲရခြင်းကြောင့် ပဲဆီတစ်ပိဿာ ၁၆၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး၊ နှမ်းဆီ တစ်ပိဿာ ၁၂၅၀၀ မှ ၁၆၀၀၀ကျပ် သို့ ဈေးမြင့်သွားသည်။

## ဆီထွက်သီးနှံဈေးကွက်

မြေပဲ(လုံးဆံ)မှာ နယ်ဝင်နည်းသဖြင့် မြေပဲအသစ်အဝင်နည်းခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် မြေပဲ(လုံးဆံ) ၁၀၀ ပိဿာ ယခင်အပတ် အရည်အသွေးအကောင်းဆုံး ၁၁၀၀၀၀၀ ကျပ်မှ ယခုအပတ် ၁၂၅၀၀၀၀ကျပ်ထိ ဈေးမြင့် သွားသည်။ မြေပဲ(ဆီဆံ)မှာလည်း အသစ်အဝင်နည်းခြင်း၊ ဆီစက်သမား၊ လှောင်သမားအဝယ်ရှိခြင်းကြောင့် ယခင်အပတ် အရည်အသွေးအကောင်းဆုံး ၁၀၃၀၀၀၀ ကျပ်မှ ယခုအပတ် ၁၁၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွား သည်။

နှမ်းဖြူမှာ ဆောင်းနှမ်းဖြူ တောင်သူထံလက်ကျန်နည်း၊ အဝင်နည်းသွား ပြီး လှောင်သမားထံမှ ဝယ်ရခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ယခင်အပတ် အရည်အသွေးအကောင်းဆုံး ၃၅၀၀၀၀ကျပ်မှ ယခုအပတ် ၄၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းညို မှာ ဆီစက်သမားအဝယ်နည်းသော်လည်း အဝင်နည်းသွားခြင်း အရောင်း အဝယ်အေးခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၃၃၀၀၀၀ကျပ်မှ ယခုအပတ် ၃၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနက်ဈေးနှုန်းအနေဖြင့် စမုံနှမ်းနက်မှာ အရည်အသွေးအက်စစ်ပါဝင်မှုအနည်းအများအလိုက် အရောင်းအ ဝယ်အေးသော်လည်း အနိမ့်ဆုံး ၆၈၀၀၀၀ကျပ်မှ ၇၇၀၀၀၀ ကျပ် ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ဆောင်းနှမ်းနက်မှာ ၄၅ ပိဿာ ၅၀၀၀၀၀ ကျပ်ဖြင့် လုပ်ငန်းသမားနှင့် ရန်ကုန်ဝယ်လက် အနည်းငယ် ရှိသည်။

ပန်းနှမ်းဈေးနှုန်းမှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်း၊ ဘယဆေးသမားနှင့် ရောဆီသမားအ ဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ ၂၈၀၀၀၀ ကျပ်မှ ၃၀၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာဈေးနှုန်းမှာ ဆောင်းနေကြာအသစ်ဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ ဆီစက်သမား အဝယ်ရှိခြင်းကြောင့် ၂၇ ပိဿာ ၂၁၅၀၀၀ ကျပ်မှ ၂၂၅၀၀၀ သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲဈေးနှုန်းမှာ ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်း၊ အဝင်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ကျောက်ရစ်ပဲ ၂၇၈၀၀၀ ကျပ်မှ ၂၈၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားပြီး အညာပဲများမှာ ၂၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲတီစိမ်းဈေးနှုန်းအနေဖြင့် အသစ်အဝင်နည်းသွားသော်လည်း ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုသာ ရှိပြီး တရုတ်ဝယ်လက်နည်းခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၃တင်းတစ်အိတ် ၂၆၀၀၀၀ ကျပ် မှ ၂၉၀၀၀၀ ကျပ် ဈေးအမျိုးမျိုးဖြင့် အရောင်းအဝယ်အေး ဈေးတည်ငြိမ်နေသည်။ ပဲစဉ်းငုံ (ဖြူ/နီ) တို့မှာ အသစ်များ အဝင်ရှိခြင်း၊ ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်နည်းခြင်း အရောင်း အဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၂၈၇၀၀၀ ကျပ်မှ ၂၇၅၀၀၀ ကျပ်သို့ လည်းကောင်း၊ ပဲစဉ်းငုံဖြူ မှာလည်း လုပ်ငန်းသုံးနှင့် ပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ၂၅၇၀၀၀ ကျပ်မှ ၂၅၀၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ ပဲပုတ် (ရှမ်း/မြန်မာ) တို့အနက် ပဲပုတ်(မြန်မာ)မှာ အသစ်မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၃၅၀၀၀၀ ကျပ်မှ ၄၂၀၀၀၀ ကျပ်သို့ ဈေးများစွာ မြင့်သွားသည်။ ပဲပုတ် (ရှမ်း)မှာ မိုးမိတ်၊ မိုးညှင်းတို့မှ အသစ်များ အဝင်နည်းခြင်း၊ ဆီစက်သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် မိုးမိတ်ပဲ အရည်အသွေးအကောင်းဆုံး ၃၇၀၀၀၀ ကျပ် မိုးညှင်းပဲ အရည်အသွေး အကောင်းဆုံး ၃၈၀၀၀၀ ကျပ်မှ ၄၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ (လုံးဖြူကြီး)မှာ အသစ်အဝင်နည်းသေးခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၂၂၀၀၀၀ ကျပ်မှ ယခု ၂၂၇၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ၊ လုံးဝါကြီးမှာ အသစ်ဝင်ရောက်သော်လည်း အဝင်နည်းခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ၃တင်း တစ်အိတ် ၂၁၇၀၀၀ ကျပ်မှ ၂၁၅၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ခွဲခြမ်းမှာ အလှူပွဲများ ပေါ်လာခြင်း၊ အမြင့်ဈေးဖြင့် ခွဲခြမ်းဝယ်ယူကြိတ်ခွဲရခြင်း၊ ယခင်လက်ကျန်နည်း၍ အသစ်ဈေးဖြင့် ကြိတ်ခွဲရခြင်းကြောင့် ယခင်အပတ် တစ်ပိဿာ ၅၄၀၀ ကျပ်မှ ယခုအပတ် ၅၇၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲယင်းမှာ အသစ်ဝင်ရောက်မှုရှိပြီး အရည်အသွေး ကောင်းခြင်း၊ နယ်ဝင်နည်းခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ် ၃တင်း တစ်အိတ် ၂၃၅၀၀၀ ကျပ်မှ ၂၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ မြေတောက်ပဲမှာ မုံရွာလက်ကျန် အဟောင်း ၃တင်း တစ်အိတ် ၂၄၀၀၀၀ ကျပ်၊ ကလေး၊ တမူးမှ ဝင်သော မြေတောက်ပဲ အသစ် အရည်အသွေးပေါ်မူတည်၍ ၃ တင်းတစ်အိတ် ၂၈၀၀၀၀ မှ ၂၉၀၀၀၀ ကျပ်ဖြင့် လုပ်ငန်းသမား၊ အကြော်အလှော်သမားများ ဝယ်ယူမှုပုံမှန်ရှိ သည်။ စားတော်ပဲ (ကျွန်း)မှာ အသစ်ဝင်ရောက်ခြင်း၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ် အိတ် ၆၄၀၀၀၀ ကျပ်မှ ၆၅၀၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။

ကျောက်တွင်းပဲကြီး (ကြီး) အသစ်များ ဝင်ရောက်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ လုပ်ငန်းသမားလှောင်သမား အဝယ်ရှိခြင်းကြောင့် ယခင်အပတ် ၃ တင်းတစ် အိတ် ၄၂၀၀၀၀ ကျပ်မှ ယခုအပတ် ၄၉၅၀၀၀ ကျပ်ထိ ဈေးမြင့်သွားပြီး မိုးမိတ်ပဲ ၄၁၀၀၀၀ ကျပ်ဖြင့် တည်ငြိမ်နေသည်။ ပဲကြီး(သေး) မှာ အဝင်ပုံမှန်လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၄၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ထောပတ်ပဲ (ကြီး/သေး) တို့မှ အသစ်အဝင်များလာခြင်း၊ လုပ်ငန်းသမား အကြော်/လှော်သမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ယခင်အပတ်၃တင်း တစ်အိတ် ၃၉၀၀၀၀ ကျပ်မှ ၃၈၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ထောပတ်ပဲ (သေး)မှာ လက်လီသမား အဝယ်များခြင်းကြောင့် ယခင်ပတ် ၂၂၀၀၀၀ ကျပ်မှ ၂၈၀၀၀၀ ကျပ်သို့ ဈေးမြင့်နေသည်။ ပဲလွန်းဖြူဈေးနှုန်းမှာ ပဲလွန်းဖြူအသစ်များ စတင်ဝင်ရောက်လာသဖြင့် ယခင်အပတ် ၃တင်း တစ်အိတ် ၂၅၅၀၀၀ ကျပ်မှ ယခုအပတ် ၂၄၀၀၀၀ ကျပ် သို့ ဈေးနိမ့်သွားသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ယခုအပတ် ငရုတ်ခြောက် (ရှည်)မှာ ရောဝတီတိုင်းဘက်မှ ဝင်ရောက်ပြီး တစ်ပိဿာ ၁၈၅၀၀ ကျပ်၊ ငရုတ်စို (လတ်)တစ်ပိဿာ ၁၈၀၀၀ ကျပ်၊ ရောဝတီ ငရုတ်(ပွ) တစ်ပိဿာ ၂၅၀၀၀ ကျပ်ဖြင့် မန္တလေးလက်လီဆိုင်များနှင့် အမှာရှိသောမြို့များသို့ တင်ပို့သည်။ ကြက်သွန်နီဈေးနှုန်းမှာ မြစ်သားကြက်သွန်များအဝင်နည်းသွားခြင်း၊ အရည်အသွေးကောင်းခြင်း ကြောင့် မြို့တွင်းသုံးဝယ်ယူမှုများသော်လည်း ကြီးတစ်ပိဿာ ၂၀၀၀ ကျပ်မှ ယခုအပတ်၂၈၀၀ ကျပ် သို့ ဈေးမြင့်သွားပြီး လတ်တစ်ပိဿာ ၂၃၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်နီ(သေး)မှာ ၁၈၀၀ ကျပ်မှ ၂၂၀၀ကျပ် သို့ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပန်းဆက်သွယ်ရေးကြောင့် တစ်ပိဿာ ၁၂၀၀၀ ကျပ်မှ ၁၄၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ (မြန်မာ)မှာ အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၅၀၀၀

စာ-၁၁ သို့




# ဂျူးပင်

## သဘာဝကပေးအစာနှင့်ဆေး

ဂျူးပင်ကို ဂျူးမြစ်ဟု ခေါ်ဆိုကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Hooker chives ဟုခေါ်ပြီး ရုက္ခဗေဒအမည်မှာ Allium hookeri ဖြစ်ကာ မျိုးရင်း Amaryllidaceae တွင် ပါဝင်၏။ ယင်းသည် အာရှတိုက်ရှိ အိန္ဒိယ (အထူးသဖြင့် အရှေ့မြောက်အိန္ဒိယ)၊ သီရိလင်္ကာ၊ မြန်မာ၊ ဘူတန်နှင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း (စီချွမ်၊ တိဘက်နှင့် ယူနန်) အပါအဝင် အရှေ့ဘက် ဟိမဝန္တာ တောင်တန်းဒေသများတွင် မူရင်းသဘာဝအတိုင်း ပေါက်ရောက်ဖြစ်ထွန်း၏။ ဂျူးပင်သည် ဟိမဝန္တာကဲ့သို့သော မြင့်မားသော ပင်လယ်ရေမျက်နှာပြင် အမြင့် ၁၄၀၀ မှ ၄၂၀၀ မီတာအကြားတွင် ကောင်းစွာ ကြီးထွားဖြစ်ထွန်းကြ၏။ ဂျူးပင်သည် မြင့်မားပြီး စိုစွတ်သော တောင်တန်းများ၏မြက်ခင်းပြင်များနှင့် သစ်တော နယ်နိမိတ်များတွင် မကြာခဏ တွေ့ရှိရ၏။ အထက်ဖော်ပြပါ ဒေသများတွင် မူရင်းဒေသဖြစ်သော်လည်း တောင်နှင့် အရှေ့တောင်အာရှ၏ နေရာအတော်များများတွင်လည်းကောင်း၊ အိန္ဒိယတိုက်ငယ်၏ နေရာဒေသများတွင် အစားအစာ အတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြ၏။

ဂျူးပင်သည် အမြဲစိမ်းမြက်ပင်တစ်မျိုးဖြစ်ပြီး အရွက်များမှာ ၂၀-၆၀ စင်တီမီတာ ရှည်လျားပြီး နှစ်ရှည်ခံ bulbous ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည့်အတွက် အာရှအစားအစာနှင့် ရိုးရာဆေးပညာတွင် မကြာခဏ အသုံးပြု လေ့ရှိကြ၏။ ယင်းတွင် ပြားပြီး သွယ်လျရှည်လျားပါးလွှာသော အစိမ်းရောင်အရွက်များနှင့်အတူ ထူထဲသောအသားများ ရှိသည့် စားသုံးနိုင်သည့်အမြစ်များရှိပြီး ကြက်သွန်ဖြူကဲ့သို့ အရသာရှိ၏။ အဖြူရောင်မှသည် နို့နှစ်ရောင်ရှိသော အဖူးလေးမှသည် လှပပါးလွှာသော ပန်းပွင့်လေးများသည် ၃-၄ လက်မအထိ တစ်စုတဝေးတည်းပွင့်တတ်၏။ ပန်းဖူးခိုင် ကိုလည်း ဟင်းသီးဟင်းရွက်အဖြစ် စားသုံးလေ့ရှိကြ၏။

ဂျူးပင်သည် စားသုံးနိုင်သော၊ ဆေးဖက်ဝင်သော အမြစ်တစ်မျိုးဖြစ်ပြီး ယင်း၏ အာဟာရတန်ဖိုးမြင့်မားခြင်း၊ ပရိုတင်းဓာတ်မြင့်မားခြင်းနှင့် အဆီပါဝင်မှုနည်းပါးခြင်းတို့ကြောင့် လူသိများ၏။ အမြစ်တွင် ဆာလ်ဖာပါဝင်သည့် allicin၊ alliin နှင့် cycloalliin ကဲ့သို့သောဒြပ်ပေါင်းများ၊ ဖီနောလ်များနှင့် အစာချေဖျက်နိုင်သော အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်ပြီး ၎င်းတို့သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်ပြီး ရောင်ရမ်းမှုကို ဆန့်ကျင်ခြင်းနှင့် ဆီးချိုရောဂါကို ဆန့်ကျင်သည့် အာနိသင်များကို ပေးစွမ်းသည်။

လတ်ဆတ်သောဂျူးမြစ် အလေးချိန် ၁၀၀ ဂရမ်တွင် ပရိုတင်း ခန့်မှန်းခြေ ၁ ဒသမ ၂၅ မီလီဂရမ်၊ အစာချေဖျက် နိုင်သော အမျှင်ဓာတ် မြင့်မားစွာပါဝင်ခြင်း၊ အဆီပါဝင်မှု အလွန်နည်းခြင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လုပ်ဆောင် သည့် ဗီတာမင်စီ ၂၁ မှ ၈၈ မီလီဂရမ်တို့ ပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် ပိုတက်စီယမ်ကြွယ်ဝစွာ ပါဝင် ပြီး သံဓာတ်၊ ဇင့်၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်နှင့် ကြေးနီတို့လည်း ပါဝင်၏။ ထို့အပြင် ကိုလက်စထရောကို ထိန်းညှိပေးရာတွင် အသုံးဝင်သည့် ဖိုင်တိုစတီရောလ်များလည်း ပါဝင်၏။ သကြားဓာတ်များအနေဖြင့် Fructose၊ glucose နှင့် sucrose တို့လည်း ပါဝင်၏။

အခြောက်ခံထားသောဂျူးမြစ် ၁၀၀ ဂရမ်အပေါ် မြန်မာနှင့် ကိုရီးယားတို့၏ လေ့လာမှုများအရ ခန့်မှန်းခြေ အာဟာရတန်ဖိုးများကို ညွှန်ပြထား၏။ ကာဗိုဟိုက်ဒရိတ် ၈၀ မှ ၈၂ ရာခိုင်နှုန်း၊ စိုထိုင်းဆ ၁၅ ရာခိုင်နှုန်း၊ ပရိုတင်း ၁ ဒသမ ၅ မှ ၂ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ အဆီပါဝင်မှု သုည ဒသမ ၀၈ ရာခိုင်နှုန်း၊ ပြာ (သတ္တုဓာတ်) သုည ဒသမ ၆၈ ရာခိုင်နှုန်းတို့ ပါဝင်၏။ ဂျူးမြစ်တွင် အဓိကအာဟာရဓာတ်နှင့် ကျန်းမာရေးကိုမြှင့်တင်ပေးသော ဒြပ်ပေါင်းများဖြစ်သည့် အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လုပ်ဆောင်သည့် ဗီတာမင်စီ၊ ဂျူးမြစ်မှ မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်များ၊ အထူးသဖြင့် ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ သံဓာတ်နှင့် ဖော့စဖရပ်စ်တို့ အရင်းအမြစ်ကောင်းတစ်ခုဖြစ်၏။ ထို့အပြင် အခြားသော ကြေးနီ၊ မန်းဂနိစ်၊ ဇင့်နှင့် ဆီလီနီယမ်တို့ ပါဝင်၏။ ဖိုင်တိုဓာတုပစ္စည်းများအနေဖြင့် ဆာပိုနင် saponin၊ ဖလေဗာနွိုက် flavonoids၊ ဖီနောလစ်ဒြပ်ပေါင်းများ၊ အယ်ကာလွိုက်များ၊ ဂလိုင်ကိုဆိုက်များနှင့် စတီးရွိုက်များ ပါဝင်၏။



နမူနာများကို နှိုင်းယှဉ်လေ့လာချက်အရ တောင်ကိုရီးယားတွင် စိုက်ပျိုးသော ဂျူးပင်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးသော ဂျူးပင်ထက် ကာဘိုဟိုက်ဒရိတ်၊ ဖော့စဖရပ်စ်နှင့် အဆီဓာတ် ပိုမိုများပြားပြီး မြန်မာမျိုးကွဲတွင် ပရိုတင်းနှင့် အမျှင်ဓာတ် ပိုမိုများပြားကြောင်း တွေ့ရှိထား၏။ ရိုးရာတိုင်းရင်းဆေးပညာရပ်များအရ ဂျူးရွက်ကြိတ်ရည်ကို ဆားနှင့်ရောစပ်၍ အနာများအပေါ် လူးပေးခြင်းနှင့် အစာအိမ်နာရောဂါများ၊ အစာမကြေခြင်းနှင့် ဝမ်းဗိုက်နာကျင်ကိုက်ခဲခြင်းတို့ကို ကုသရာတွင်လည်း အသုံးပြုကြ၏။ အအေးမိခြင်း၊ ချောင်းဆိုးခြင်းနှင့် ဖျားနာခြင်းတို့ကို ကုသရာတွင်လည်း ဂျူးမြစ်ကို ဆေးအဖြစ် အသုံးပြုကြ၏။ ဂျူးရွက်ပြုတ်ရည်ကို အပူလောင်ခြင်း၊ ဒဏ်ရာများနှင့် ဒဏ်ရာများကို ကုသရာတွင် အသုံးပြုကြ၏။

- ဂျူးမြစ်သည် သွေးတွင်းရှိဂလူးကို့စ်ပမာဏကို လျှော့ချပေးပြီး အယ်လ်ဖာအမိုင်လေ့စ်နှင့် အယ်လ်ဖာဂလူးကို စီဒွေစ်၏လှုပ်ရှားမှုကို ဟန့်တားပေးနိုင်စွမ်းရှိ၏။
- လေ့လာမှုများအရ ဂျူးမြစ်သည် အဝလွန်သည်များအတွက် ကိုလက်စထရောပမာဏကို လျှော့ကျစေနိုင်၏။
- ဂျူးမြစ်တွင် အသည်းကို ကာကွယ်ပေးခြင်းနှင့် ပိုးမွှားများကို တိုက်ဖျက်နိုင်သည့် အာနိသင်ကောင်းများရှိ၏။
- ကြက်သွန်နီ (Allium cepa) နှင့် နှိုင်းယှဉ်ပါက ဂျူးမြစ်တွင် ပရိုတင်း၊ အမျှင်ဓာတ်၊ ဗီတာမင်စီတို့ ပိုမိုမြင့်မားစွာ ပါဝင်ပြီးနှင့် အဆီဓာတ်ပါဝင်မှု နည်းပါး၏။

ဂျူးမြစ်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ရောင်ရမ်းမှုကို ဆန့်ကျင်နိုင်ခြင်း၊ အဝလွန် ခြင်းကို ဆန့်ကျင်နိုင်သည့်ဂုဏ်သတ္တိများ ပါဝင်ခြင်းကြောင့် အစာခြေစနစ်ကျန်းမာရေးအတွက် အ ထော က် အ ကူ များ စွာ ပြု ၏ ။



ဂျူးမြစ်တွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် ကိုယ်တွ င်း ရော င် ရ မ်း နာ ကျ င် မှု ကို ဆန့်ကျင် ပေးခြင်း၊ ပန်ကရိယ ရောင်ရမ်းခြင်းနှင့် အဝလွန်ခြင်းကို ဆန့်ကျင်ပေးနိုင်စွမ်းရှိ၏။

ဂျူးမြစ်ကို အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ၊ မြန်မာနှင့်ထိုင်း အစားအစာများတွင် ၎င်းတို့၏ ကြွပ်ရွပြီး ကြက်သွန်ဖြူ အရသာရှိသော အမြစ်များနှင့် အဖူး၊ အရွက်များကြောင့် အလွန်တန်ဖိုးထားစားသုံးကြ၏။

- သန့်စင်ထားသော ဂျူးမြစ်များကို ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိ

စာ-၁၅ သို့

ကျောဖုံးမှ-

အစီအစဥ်၏ အချက်အလက်များအရ ကမ္ဘာအနှံ့ ရေကြီးရေလျှံမှုဖြစ်စဥ်များသည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်အတွင်း နှစ်ဆခန့်ပိုမို များပြားလာကြောင်း သိရှိရသည်။

ရေဘေးကာကွယ်ရေးအနေဖြင့် တမံများသည် ရေဆင်းဧရိယာအတွင်းမှ မိုးရွာချိန် ဝင်ရောက်လာသော ရေပမာဏများစွာအား စုဆောင်းသိုလှောင်၍ တဖြည်းဖြည်း ထိန်းညှိ ထုတ်လွှတ်နိုင်သောကြောင့် တမံအောက်ဘက်ဧရိယာများ၏ ရေဘေးအန္တရာယ်အား သက်သာလျော့ပါးစေမည်ဖြစ်ပါသည်။ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ခြင်း၊ ချောင်းကောမြောင်းကောနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းဖြင့်လည်း ရေဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ရေဘေးကာကွယ်ရေးတာနှင့် ရေငန်တားတာ ၂၃၁ ခု၊ ရေတံခါး ၁၉၉ ခုဖြင့် မြေဧရိယာဧက ၃ ဒသမ ၂ သန်းကျော်အား ရေကြီးနစ်မြုပ်မှုနှင့် ရေငန် ဝင်ရောက်ခြင်းမှ ကာကွယ်ပေးလျက်ရှိပါသည်။ မြစ်ကမ်းမြို့ရွာအသီးသီးတွင်လည်း ရေဘေး ကာကွယ်ရေးတာများ တည်ဆောက်ထားလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် ပို၍ များပြားစွာ တည်ရှိပါသည်။

## သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့

ယေဘုယျအားဖြင့် ဆည်/တာတမံ တည်ဆောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းအား ဆန့်ကျင်ဘက်အဖြစ် စဥ်းစားလေ့ရှိကြပါသည်။ အမှန်တကယ်တွင် ဆည်မြောင်းတာတမံများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့အကျိုးပြုပေးလျက်ရှိပါသည်။

နွေရာသီပူပြင်း၍ ရေခန်းခြောက်နေသည့် ကာလများတွင် ရေနေသတ္တဝါတို့ သေကြေ ကြ၏။ သစ်ပင်ပန်းမန်တို့ပျက်စီးကြ၏။ သဘာဝပတ်ဝန်းကျင်တို့ ယိုယွင်းပျက်စီးကြရသည်။ ထိုအချိန်များတွင်ဆည်မြောင်းတာတမံတို့သည် တောရိုင်းတိရစ္ဆာန်များနှင့် ရေနေသတ္တဝါများ၊ စိုက်ခင်းများအား မှီတည်ရှင်သန်ရသော သက်ရှိများအတွက် သောက်သုံးရေ မှျဝေအထောက် အကူပြုပေးလျက်ရှိပါသည်။ အပင်များရှင်သန်မှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေမှု၊ ဂေဟစနစ် ရှင်သန်မှုများအတွက် ရေသည်အလွန်အသုံးဝင်လိုအပ်လှပါသည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှုသည် ကျန်းမာရေး၊ စိတ်ချမ်းမြေ့ရေး၊ ကုန်ထုတ်ဝင်ငွေ တိုးတက်ရေးတို့၏ အခြေခံအချက်ဖြစ်ရာ ဆည်မြောင်းတာတမံတို့သည် သွယ်ဝိုက်အကျိုးပြုလျက်ရှိကြပါသည်။

ဆည်မြောင်းတာတမံတို့မှ သိုလှောင်ရေအား သောက်သုံးရေ၊ စိုက်ပျိုးရေ၊ စက်မှု သုံးရေများအဖြစ် သုံးစွဲနိုင်သည်ဖြစ်ရာ အရေးအကြီးဆုံး မြေအောက်သယံဇာတဖြစ်သော မြေအောက်ရေအလွန်အကျွံသုံးစွဲမှုအား ကန့်သတ်လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင် တည်မြဲမှုအား အထောက်အကူပြုလျက်ရှိပါသည်။



စစ်ကိုင်းတိုင်းဒေသကြီး၊ သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်စနစ်၏ ရွှေဘိုမြို့နယ်ရှိ မူးသုံးခွမှ စိုက်ပျိုးရေပေးဝေနေပုံ

တမံတည်ဆောက်ခြင်းကြောင့် မူလမြေ ဧရိယာအနည်းငယ်ခန့် တမံရေဝပ်ဧရိယာအတွင်း နစ်မြုပ်ရသည့်အတွက် ထိုဧရိယာ နစ်နာဆုံးရှုံးသည်ဆိုနိုင်သော်လည်း ထိုရေလှောင်ဧရိယာ ကေအနည်းငယ်မှ အကျိုးပြုသော စိုက်ပျိုးဧရိယာများစွာ၊ သွယ်ဝိုက်အကျိုးပြုသော လူမှုစီးပွားဘဝများစွာအတွက် စဥ်းစားပါက ဆည်မြောင်းတာတမံတို့၏ အကျိုးကျေးဇူးအားသိရှိနိုင်ပါသည်။

## ဆည်မြောင်းရေ သွင်သွင်စီးပါလို့

တသွင်သွင်စီးနေသော ဆည်မြောင်းရေတို့သည် သီးနှံမျိုးစုံတို့၏ ဖန်တီးရှင်လည်း ဖြစ်ပါသည်။ ထိုမျှအရေးကြီးသော စိုက်ပျိုးရေအတွက် တောင်သူဦးကြီးတို့အား အလွန် သက်သာသော ရေခွန်နှုန်းထားဖြင့်သာ ကောက်ခံပေးလျက်ရှိပါသည်။ စပါးသီးနှံအတွက် မြေပြုပြင်သည်မှအောင်ရေအထိ ရေအပြည့်အဝယူပါက သီးနှံတစ်ဧက ၂၀၀၀ ကျပ်၊ တစ်စိတ်တစ်ပိုင်းသာယူပါကယူလျှင်တစ်ဧက ၁၀၀၀ ကျပ်၊ အခြားသီးနှံစိုက်ပျိုးခြင်းများအတွက်တစ်ဧက ၁၀၀၀ ကျပ်ဖြစ်ပါသည်။ တစ်ဧကလျှင် စပါးတင်း ၁၀၀ ခန့် ထွက်ရှိသည့် အခြေအနေတွင် ရေခွန်ပေးသွင်းရငွေ ၂၀၀၀ ကျပ်သည် များစွာသက်သာသော နှုန်းထား ဖြစ်ပါသည်။

သို့ရာတွင် သတိမမူ ဂူမမြင်ဆိုသကဲ့သို့ပင် စိုက်ပျိုးရေ၏ အကျိုးရှိမှုကို အမှတ်တမဲ့ မေ့လျော့နေတတ်ကြပါသည်။ ဆည်/တာတမံများမှ စိုက်ခင်း၊ လယ်ကွင်းဆီသို့ စီးဆင်း လာသော စိုက်ပျိုးရေများ လေလွင့်မှုလျော့နည်း၍ ထိရောက်အကျိုးရှိစေရန်အတွက် တောင်သူဦးကြီးများ၏ ပူးပေါင်းဆောင်ရွက်ကူညီမှုသည်လည်း လွန်စွာအရေးကြီးပါသည်။ လယ်ကြားမြောင်းများအား ရေစီးရေလာကောင်းအောင် ပြုပြင်ထားပေးရန်၊ ရေပေးမြောင်းပေါင်များ ကျိုးပျက်မှု၊ ရေအားအဆောက်အအုံ ပျက်စီးယိုယွင်းမှုများတွေ့ရှိရပါက အရေးပေါ်ပြုပြင်၍ အခိုင်အမာပြုပြင်နိုင်ရန်အတွက် သက်ဆိုင်ရာသို့ အသိပေးရန်၊ ကွက်ဆင့်သောက်ရေသောက်စနစ် လယ်ကွင်း များဖြစ်ပါက အခြားလယ်သမားများနှင့်ညီညွတ်မျှတစွာ ရေခွဲဝေ သုံးစွဲကြရန်၊ သတင်းနှင့်အသိပညာများ ပူးပေါင်းဖလှယ်ကြရန် လိုအပ်ပါသည်။

ဆည်မြောင်းရေသွင်သွင်စီးနေသောနေရာများသည် သာယာလှပသော စားနပ်ရိက္ခာပေါကြွယ်ဝသော၊ စိတ်နှလုံးအေးမြရသော နေရာဒေသများသာ ဖြစ်ကြပါသည်။ ထို့ကြောင့် ဆည်မြောင်းရေသွင်သွင်စီးရန်အတွက် ဌာနနှင့်ပြည်သူ၊ ဝန်ထမ်းနှင့်တောင်သူ စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ပါက သီးနှံများ အထွက်တိုး၍ သာယာဝပြောသော လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်မည့် မျှော်မှန်းချက်လည်း ပြည့်စုံလာမည် ဖြစ်ပါသည်။

**အေးမြင့်ဆွေ(ဆည်မြောင်း)**




လပွတ္တာမြို့နယ်၊ ရွှေးမြစ်နှင့် ပြာမလော့မြစ်ကြား ရေငန်တားတာ

---

စာ-၁၄ မှ

သုပ်၊ ခရမ်းချဥ်သီးထောင်း၊ ခရမ်းချဥ်သီး ပန်ထွေဖျော်၊ ငရုတ်သီးထောင်း၊ ငပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။

• ဂျူးဖူး၊ ဂျူးရွက်များနှင့် အမြစ်များကို အရွယ်တော်လှီးဖြတ်ပြီး နှစ်သက်ရာ ပုစွန်၊ ကြက်သား၊ ဝက်သားတို့ဖြင့် ကြော်စား၊ ချက်စားနိုင်၏။

• ရိုးရာ ငါးထမင်းနယ်၊ အာလူးထမင်းနယ်၊ ပုန်းရည်ကြီးထမင်းသုပ်တို့နှင့်လည်း ဂျူးမြစ်ကို တွဲဖက်စားသုံးကြ၏။

• ဂျူးမြစ်ကို ဂေါ်ရခါးသီးနှင့်အတူ အခြားသော နှစ်သက်ရာဟင်းသီးဟင်းရွက်များနှင့်အတူရောပြီး ငါးကြင်းခေါင်း ခပ်ကာ ချဥ်ရည်ဟင်းလည်း ချက်စားကြ၏။

• ဂျူးမြစ်ကို တောင်ပေါ်တိုင်းရင်းသားများ၏ရိုးရာ မုန့်ညင်းချဥ်များ ပြုလုပ်ရာတွင်လည်း ကောင်း၊ ဂျူးမြစ်၊ ပဲပုပ်၊ မြေပဲတို့နှင့် ရောစပ်ပြီး အကြွပ်ကြော်လည်း ချက်စားတတ်ကြ၏။

• ဂျူးမြစ်ကို ပဲပုပ်၊ ငရုတ်သီးစိမ်းနှင့် မညက်တညက်ထောင်းပြီး သံပရာရည်ညှစ်ကာလည်း စားသုံးနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ဂျူးပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထိန်းသိမ်းရေးတို့ကို ရိုးရာယဥ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**



မန္တလေးတိုင်းဒေသကြီး၊ ကင်းတားဆည်ရေသောက်စနစ်မှ စိုက်ပျိုးရေပေးဝေနေပုံ

## အေးမြင့်ဆွေ(ဆည်မြောင်း)

နွေရာသီမြင်ကွင်းအများစုတွင် ရိုးတံပြိုင်းပြိုင်း ရွက်ကြွေတောများ၊ ဖုန်ထူထူ တံလျှပ်လက်လက် မြေပြင်များ၊ ပူအိုက်နွမ်းလျလူသားများ၊ ရေငတ်မောပန်းတိရစ္ဆာန်များစသည်တို့အား အများအားဖြင့် မြင်တွေ့ရလေ့ရှိပါသည်။ သို့ရာတွင် ထူးခြားစွာပင် အချို့နေရာများ၌ စပါးခင်းစိမ်းစိမ်းများ၊ လယ်ကွင်းပြင်လေနုအေးများ၊ ရေချိုးဆော့ကစားနေကြသော ကလေးများ ရွှံ့လူးပျော်ရွှင်နေသော ကျွဲနွားတိရစ္ဆာန်များအား ရံဖန်ရံခါ တွေ့ရှိနိုင်ပါလိမ့်မည်။ ထိုနေရာတို့သည် သဲကန္တာရအလယ်မှအိုအေစစ်ကဲ့သို့ ထူးခြားသော ဆည်မြောင်းရေ တသွင်သွင် စီးနေတတ်သည့် နွေစိုက်ပျိုးခင်းများ ဖြစ်ကြပါသည်။

### ဆည်မြောင်းသမိုင်းအစ

မီးကိုစတင်တွေ့ရှိခြင်းသည် လူသားတို့၏ အောင်မြင်မှုဟုဆိုပါက ခြောက်သွေ့သော ဒေသသို့ရေသွင်းစိုက်ပျိုးခြင်း (သို့မဟုတ်) ဆည်မြောင်းစနစ်အား စတင်တွေ့ရှိခဲ့ခြင်းသည်လည်း လူသားတို့၏ ကြီးစွာသော အောင်မြင်မှုဟုခေါ်နိုင်ပါသည်။ အီဂျစ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း ၈၀၀၀ ကျော်မှစ၍ နိုင်းမြစ်ဝှမ်းရေစီမံအသုံးချမှုအား အောင်မြင်စွာ စတင်နိုင်ခဲ့ပါသည်။ မက်ဆိုပိုတေးမီးယား၊ ပါရှား၊ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာစသောဒေသများတွင်လည်း ရှေးနှစ်ပေါင်းများစွာကပင် ဆည်မြောင်းစနစ်ထွန်းကားခဲ့ကြောင်း၊ လူမှုဘဝတိုးတက်ခဲ့ကြောင်း အထောက်အထား များစွာ တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာ့ဆည်မြောင်းလုပ်ငန်းများသည် ပျူခေတ်၊ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်မှသည် ယခုခေတ်ကာလအထိ အလွန်ရှည်ကြာ ခိုင်ခံ့သည့် သမိုင်းခေတ်အဆက်ဆက်ကို ဖြတ်သန်းတည်တံ့ခဲ့ပါသည်။ သမိုင်းအထောက်အထားများအရ ထင်ရှားစွာတွေ့ရှိနေရသော ဗိဿနိုးမြို့ဟောင်းရေကန်များ၊ သရေခေတ္တရာ၏ ရဟန္တာကန်နှင့်ကျိုးများ၊ ရေပေးမြောင်းများ၊ မြောက်နဝင်းလွင်ပြင်စိုက်ခင်းနှင့် ရေသွင်း စိုက်ပျိုးမြေများသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်မှ မြန်မာ့ဆည်မြောင်းအတတ်ပညာကို ခမ်းနားစွာ ဖော်ပြလျက်ရှိပါသည်။ ပုဂံ ခေတ် လယ်တွင်းကိုးခရိုင် (ကျောက်ဆည်ဒေသ)၊ စလင်းခြောက်ခရိုင် (မင်းဘူးဒေသ)၊ ကုန်းဘောင်ခေတ် တောင်ပြုန်းခရိုင်(မန္တလေးဒေသ) တို့သည်လည်း ဆည်မြောင်းတာ တမံများစွာဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းခဲ့ပါသည်။ ကိုလိုနီခေတ်၌ ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသတွင် တာများ တည် ဆောက်၍ ရေဘေး ကာကွယ်ရေးနှင့်ဆည်ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာခဲ့ပါသည်။

ယခုအခါတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် တမံ ၂၄၇ ခု အပါအဝင် ဆည်မြောင်းအဆောက်အအုံ ၈၉၁ ခု ဖြင့် သီးနှံအထွက်နှုန်းတိုးရန် စိုက်ပျိုးရေ ပေးဝေခြင်း၊ ရေဘေးကာကွယ်ရေးတာများတည်ဆောက်ခြင်း၊ သောက်သုံးရေ ရရှိစေရန် ဆောင်ရွက်ခြင်းများအား "ရေအရင်းအမြစ်များကို ရေရှည်တည်တံ့စေပြီး ညီညွတ်မျှတစွာ ရရှိစေရန်နှင့် သာယာဝပြော၍ ကြံ့ခိုင်စွမ်းရည်ပြည့်ဝသော လူ့အဖွဲ့အစည်း တစ်ရပ်ဖြစ်စေရန် ဆောင်ရွက်မည်။" ဟူသော မျှော်မှန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

### စိုက်ပျိုးရေဖူလုံစေဖို့

တောင်သူဦးကြီးများ၏ စပါးခင်းစိမ်းစိမ်းများဆီ ရေလုံလောက်စွာရရှိရေးအတွက် အားထုတ်ဆောင်ရွက်ရခြင်းတွင် များပြားလှသော လုပ်ငန်း ဆောင်တာ အဆင့်ဆင့် ပါဝင်ပါသည်။ ရေရရှိနိုင်သောနည်းလမ်းတို့သည် နေရာဒေသ အခြေအနေအရ ကွဲပြားတတ်သည်ဖြစ်ရာ တမံ၊ ရေလွှဲဆည်၊ ရေတံခါးများတည်ဆောက်ခြင်း၊ မြစ်ချောင်းများမှ မြစ်ရေတင်စိုက်ပျိုးခြင်း၊ ချောင်းပိတ်မြောင်းပိတ်များ ဆောင်ရွက်၍ရေအသုံးပြုခြင်း၊ မြေအောက်ရေတွင်းများ အသုံးပြုခြင်း၊ မြေအောက်တမံများ တည်ဆောက်ခြင်းစသည့် နည်းလမ်းအမျိုးမျိုးဖြင့် ရွေးချယ်စဉ်းစားရခြင်းဖြစ်ပါသည်။ ဆည်ရေသောက်စနစ်တွင် စိုက်ပျိုးရေလိုအပ်ချက်အရ ရေပေးမြောင်းများသာမက ရေမြှင့်အဆောက်အအုံ၊ ချောင်းဖြတ်ရေတံလျှောက်၊ မြောင်းဖြတ်ရေတံလျှောက်၊ ရေငုပ်ပြွန်စသည့် ရေအားအဆောက်အအုံများစွာကိုလည်း တည်ဆောက်ကြရပါသည်။

စိုက်ပျိုးရေသိုလှောင်မှုနှင့် ရေပေးဝေမှုများတွင်လည်း ရာသီဥတုအခြေအနေ၊ မိုးရေ ချိန်ရရှိမှု၊ သီးနှံရေလိုအပ်ချက်၊ ရေဆုံးရှုံးမှု(water losses)များ၊ ဆည်/ကန်တွင်း ရေလက်ကျန်စသည့် အကြောင်းအရာအချက်အလက်မျိုးစုံပေါ်မူတည်၍ စီမံခန့်ခွဲဆောင်ရွက်ရခြင်းဖြစ်ပါသည်။ သီးနှံအထွက်တိုးရန် အဓိကလိုအပ်ချက်ဖြစ်သည့် "မျိုး၊ မြေ၊ ရေ၊ နည်း" (၄) မျိုးအနက်မှ စိုက်ပျိုးရေလုံလောက်စွာရရှိရေးသည် အရေးကြီးလိုအပ်ချက်ဖြစ်သည် နှင့်အညီ အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမြေဧက (၃၃) သိန်းကျော်အား ရေပေးဝေလျက်ရှိပါသည်။ ပိုမိုထိရောက်အကျိုးပြုစေရန် ဌာနနှင့်တောင်သူ လက်တွဲဆောင်ရွက်သည့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (Participatory Irrigation Management) အားလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

### ရေဘေး အန္တရာယ် ကာကွယ်ဖို့

ဆည်/တာတမံ/ရေတံခါး တည်ဆောက်ခြင်း၏ အဓိကရည်ရွယ်ချက်များတွင် ရေဘေး ကာကွယ်ခြင်းလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခုအခါတွင် ရာသီဥတုဖောက်ပြန်ခြင်း နှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများအား နေရာဒေသမရွေးတွေ့ကြုံလာကြရပါသည်။ ရေ၏အကျိုးစီးပွားသည် မကုန်နိုင်များပြားသကဲ့သို့ နှုးညံ့ပျော့ပြောင်းသည်ဟု ထင်ရသော ရေ၏အဖျက်စွမ်းအားသည်လည်း လွန်စွာကြီးမားပါသည်။ ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်

စာ-၁၅ သို့



မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီ အရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာ